# မင်းသိင်္ခ




# တားရော့ဟောနည်း

http://cyberbooks.myanmarchat.org

လာဘ်မိုးဇွေစာပေ- စာစဉ် ၂၁


လာဘ်မိုးဆွေစာပေ

အမှတ်(၁၁၁)၊ (၃၃)လမ်း၊ (လယ်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း-၂၅၃၅၁၉


http://cyberbooks.myanmarchat.org

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ
ပေါ်ပေါက်ရေးသည်ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

http://cyberbooks.myanmarchat.org

# မင်းသိင်္ခ

# တားရော့ဟောနည်း

http://cyberbooks.myanmarchat.org

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | – ၆၅၀/ ၂၀၀၁(၆) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – ၅၆၅/ ၂၀၀၁(၇) |
| | ပထမအကြိမ်၊ |
| | ၂၀၀၁ခုနှစ်၊ ဩဂုတ်လ။ |
| | အုပ်ရေ – ၃၀၀၀ |
| | တန်ဖိုး – ၄၀၀ ကျပ် |
| မျက်နှာဖုံးဂရပ်ဖစ် | – Perfect |
| ကွန်ပျူတာ | – DEEP BLUE |
| အတွင်းဖလင် | – ကိုတင်ဝင်း (Perfect) |
| စာအုပ်ချုပ် | – ရှကီး (၁၁၉ လမ်း) |
| ထုတ်ဝေသူ | – ဦးသန်းမြင့် (လင်းလင်းစာပေ) |
| | အမှတ် ၄/၂၉၊ |
| | မြဝတီမင်းကြီးလမ်း၊ |
| | အင်းစိန်မြို့နယ်။ |
| အဖုံးပုံနှိပ်သူ | – ဦးအောင်မြင့်ဦး (မြ်–၀၁၅၀၃) |
| | သိန်းသန်းဦးပုံနှိပ်တိုက် |
| | ၃၄လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | – ဦးဝင်းဌေး (မြ်–၀၄၈၃၉) |
| | ဝင်းထွန်းပုံနှိပ်တိုက် |
| | အမှတ် ၃၇၊ ရေကျော်လမ်းမကြီး၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |


http://cyberbooks.myanmarchat.org

# မဟာဂန္ဓာရီခရီးနှင့် တားရှော့ကတ်ပြား

တစ်နေ့သ၌ ကျွန်ုပ်သည် ပုတီးစိပ်ရန်အလို့ငှာ ကျွန်ုပ်၏ အိမ်ဝင်းအတွင်းရှိ သရက်ပင်အောက်တွင် ဖျာကလေးတစ်ချပ်ကို ခင်းလိုက်လေ၏။ ထို့နောက် ရေဆာလျှင် ရေသောက်ရန်အတွက်လည်း ရေတစ်ခွက်ကိုခပ်၍ သရက်ပင်ရင်း၌ ထားလိုက်လေ၏။ ကျွန်ုပ်သည် ပုတီးစိပ်သောအခါတိုင်း၌ ကျွန်ုပ်၏ ကျင့်စဉ်အတွက် အသုံးပြုသော တားရှော့ခေါ် ကတ်ပြားလေးများကို ကျွန်ုပ်အနီး၌ ထားရှိတတ်သည့် အားလျော်စွာ ၇၈ချပ်ပါသော တားရှော့ကတ်ပြား ထုပ်ကလေး တစ်ထုတ်ကိုလည်း ကျွန်ုပ်၏ဖျာဘေးတွင် အသင့်ချထားလိုက်လေ၏။ ထိုအချိန်၌ လူတစ်ယောက်သည် ကျွန်ုပ်၏ အိမ်ဝင်းအတွင်းသို့ ဝင်လာပြီးလျှင် ကျွန်ုပ်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက်..



http://cyberbooks.myanmarchat.org

"အတော်ပဲ၊ အတော်ပဲဆရာ။ ခုလို အေးအေးဆေးဆေး ထိုင်နေတုန်း ကျွန်တော်ရောက်လာတာ"

ဟု ပြောလိုက်လျှင်.. ကျွန်ုပ်က..

"ဘယ်က အေးအေးဆေးဆေး ထိုင်ရမှာတုံးဗျာ။ ပုတီးစိပ် မလို့ဗျ။ ပုတီးစိပ်မလို့"

ဟု ပြောလိုက်လျှင် ထိုသူက..

"နောက်မှ စိပ်ပါဆရာရယ်။ တစ်ယောက်နဲ့တစ်ယောက် ကြုံတောင့်ကြုံခဲ စကားစမြည်လေး ပြောကြရအောင်ပါ"

ဟု ပြောလေ၏။

"ဘယ်ဖြစ်မလဲဗျာ။ ကျွန်ုပ်ရဲ့ အဓိဋ္ဌာန်ပျက်သွားမှာပေါ့။ ကျုပ်ရဲ့အဓိဋ္ဌာန်ကို အပျက်ခံပြီး ခင်ဗျားနဲ့ စကားပြောရမယ် ဆိုတာ မတောင်းဆိုပါနဲ့။ အဲဒီ တောင်းဆိုမှုဟာ အင်မတန် ရိုင်းစိုင်းတဲ့ တောင်းဆိုမှုဖြစ်တယ်။ အဲဒီ လို ရိုင်းပျတဲ့လူတွေနဲ့ ကျုပ် မိတ်ဆွေမဖြစ်လိုပါဘူး။"

ဟု ကျွန်ုပ်က ခပ်ရိုင်းရိုင်းပင် ပြန်၍ပြောလိုက်ရာ ထိုသူက ပခုံးနှစ်ဖက်ကိုတွန့်၍ လက်ဝါးနှစ်ဖက်ကို ပက်လက်လှန်လိုက်လေ၏။ ထိုသို့လုပ်ပြလိုက်ပြီးနောက်–

"ဒီလိုပါ ဆရာမင်းသိခ်ရယ်။ ကျွန်တော်က ဆရာနဲ့ သိပ်ပြီး စကားပြောချင်တယ်။ အဲဒီတော့ ဆရာ့နေနဲ့လည်း အဓိဋ္ဌာန် မပျက်ရလေအောင် ကျွန်တော်နဲ့လည်း စကားပြောရလေ အောင် တခြားနည်းလမ်း ရှိသေးသလား။ ရှိရင် ပြောပြပါ"



http://cyberbooks.myanmarchat.org

ဟု ပြောလေ၏။

"ဒီလို၊ ဒီလို ကျုပ်က တစ်နာရီခွဲလောက် ဒီမှာ ပုတီးစိပ်မယ်။ အဲဒီတော့ ခင်ဗျားအနေနဲ့ အခု ပြန်သွားပါ။ နောက် တစ်နာရီခွဲကြာမှ ပြန်လာခဲ့ပါ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ–

ထိုသူက–

"ဒီလိုလုပ်ပါလား ဆရာမင်းသိခ်ရယ်။ ဆရာ့ဘာသာ ဆရာ ပုတီးစိပ်။ ကျွန်တော်က ဒီနောက်နားမှာ ငြိမ်ငြိမ်လေး ထိုင်နေပါ့မယ်။ ပုတီးစိပ်ပြီးတာနဲ့ ကျွန်တော်နဲ့စကားပြောမယ်။ မကောင်းဘူးလား"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က–

"ဟင့်အင်း မကောင်းဘူး။ ကျုပ် ပုတီးစိပ်နေတုန်း ကျုပ်နောက်မှာ လူတစ်ယောက်ထိုင်နေရင် ကျုပ်က ကျောမလုံသလိုပဲ။ အဲဒီလူက ကျုပ်နောက်ကျောကို ဘယ်လိုလုပ်မလဲလို့ ကျုပ်က တွေးနေမိတယ်။ အဲဒီတော့ ကျုပ် ပုတီးစိပ်လို့ မရဘူးပေါ့။ အကောင်းဆုံးကတော့ မိတ်ဆွေကြီး ပြန်ပါဗျာ။ နောက်တစ်နာရီခွဲမှ လာပါဗျာ"

ဟု နှင်လိုက်လေ၏။ ထိုအခါ ထိုသူက–

"ဆရာ့ဟာကလည်း တစ်မျိုးပါလား။ ဆရာ့နောက်ကျောကို ကျွန်တော်က ဘာလုပ်မှာမို့တုံး။ ကျွန်တော်က ဆရာ့ရန်သူမှ မဟုတ်ဘဲ။ စိုးရိမ်စရာမရှိတာကို ဆရာက စိုးရိမ်နေတာပဲ"



http://cyberbooks.myanmarchat.org

ဟု ပြောလိုက်လေ၏။

"ဒီမှာကိုယ့်လူ စကားတွေရှည်ပြီး ပြောမနေနဲ့။ ဒါဟာ ကျုပ်အိမ်။ ကျုပ်က ပြန်ပါဆိုရင် ခင်ဗျားက ပြန်ရုံပဲ။ နောက်ထပ် ဘာမှထပ်မပြောနဲ့။ ခင်ဗျားနဲ့ အခုလို အချီအချ ပြန်ပြီးပြောနေရတာ ကျုပ်မှာ ဘယ်လောက် အနှောင့်အယှက်ဖြစ်တယ် ထင်သလဲ။ အခု တစ်၊ နှစ်၊ သုံး ခေါ်မယ်။ သုံး ဆိုတာနဲ့ ခင်ဗျား ခြံပြင်ကိုရောက်ဖို့လိုတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ –

ထိုသူက

"တယ်လည်းကြမ်းပါလား။ သွားပါ့မယ်ဗျာ၊ သွားပါ့မယ်"

ဟု ဆိုကာ ထိုသူသည် ကျွန်ုပ်အနီးမှ ခပ်သုတ်သုတ်ထွက်၍ သွားလေ၏။ သို့သော် ခြံဝသို့ရောက်သောအခါ၌ ကျွန်ုပ်ကို ငဲ့စောင်း၍ကြည့်လေ၏။ ထိုအခါ ကျွန်ုပ်က –

"ဟေ့လူ ကြည့်မနေနဲ့။ သွား"

ဟု အော်လိုက်ရလေ၏။

ထိုအခါ ထိုသူက 'ခစ်' ခနဲ တစ်ချက်ရယ်ကာ ထွက်သွားလေတော့၏။ ကျွန်ုပ်လည်း ပုတီးစိပ်ရန် ထိုင်လိုက်လေတော့၏။

သို့ရာတွင် ထိုသူ့အပေါ်၌ မကျေမချမ်းဖြစ်ခဲ့ရသော စိတ်သည် တော်တော်နှင့်မငြိမ်သက်သေးသောကြောင့် အသက်ကို မှန်မှန်ရှူရင်း စိတ်ကို လျှော့နေရလေ၏။ စိတ်ငြိမ်သွားသောအခါ၌မှပင် ကျွန်ုပ်၏ အဓိဋ္ဌာန်ပုတီးကို စိပ်ရလေတော့၏။ တစ်နာရီခွဲခန့်ကြာ



http://cyberbooks.myanmarchat.org

သောအခါ၌ ကျွန်ုပ်၏ ပုတီးစိပ်ခြင်းအလုပ်သည် ပြီးသွားလေတော့၏။ ထိုအခါ ကျွန်ုပ်သည် ရေငတ်သောကြောင့် ရေတစ်ခွက်ကို သောက်လိုက်လေ၏။ ရေသောက်ပြီးသောအခါ၌ ကျွန်ုပ်သည် စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိရှိုက်ဖွာလိုက်လေ၏။ ပြီးလျှင် မီးခိုးများကိုမှုတ်ထုတ်ရင်း ပုတီးမစိပ်မီက ကျွန်ုပ်ကို လာရောက်၍ အနှောင့်အယှက်ပေးသူ၏အကြောင်းကို စဉ်းစားနေမိလေ၏။ ထိုအချိန်၌ ထိုသူသည် ခြံတွင်းသို့ ဝင်၍လာလေ၏။

"သြော်..ဆရာ ပုတီးစိပ်ပြီးပြီကိုး။ ကျွန်တော်လာမယ်နော်။ ကျွန်တော့်ကို ဝမ်း၊ တူး၊ သရီးနဲ့ မောင်းမထုတ်နဲ့"

ဟု ပြောကာ စပ်ဖြဲဖြဲမျက်နှာနှင့် ဝင်လာလေ၏။ ထို့နောက် ကျွန်ုပ်အနီးတွင် လာ၍ထိုင်ပြီး သူ၏အိတ်အတွင်းမှ ဒူးယားစီးကရက်တစ်ဘူးကို ထုတ်၍–

"ဆရာသောက်ဖို့"

ဟု ဆိုကာ ကျွန်ုပ်၏ရှေ့တွင် ချပေး၏။ ထိုအခါ ကျွန်ုပ်က ကျွန်ုပ်၏ ငါးသုံးလုံးစီးကရက်ဘူးကို ၎င်း၏ရှေ့တွင်ချ၍–

"ကျုပ် ငါးသုံးလုံးပဲသောက်တယ်။ တခြားစီးကရက် မသောက်ဘူး။ ခင်ဗျား ပြန်ယူသွား"

ဟု ပြောလိုက်ရာ ထိုသူက..

"ဒူးယားက ထူးခြားတယ်ဗျ"

ဟု ပြောလိုက်လျှင်..

"ထူးခြင်းရင် ခင်ဗျားပဲသောက်ပါ။ ကျုပ်က မထူးခြားချင်ဘူး



http://cyberbooks.myanmarchat.org

အေးအေးဆေးဆေးပဲ နေချင်တဲ့ကောင်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုသူက..

"ဘာပဲဖြစ်ဖြစ် ကျွန်တော်က ကိုယ့်တိုင်းပြည်ကဖြစ်တာကိုပဲ အားပေးချင်တယ်။ နိုင်ငံခြားကဖြစ်တာကို မသုံးချင်ဘူး"

ဟု ပြန်၍ပြောလိုက်သည်။ ထိုအခါ ကျွန်ုပ်က..

"ခင်ဗျား အခုဝတ်ထားတဲ့ ပလေကပ်လုံချည်က ကိုယ့်တိုင်းပြည်ကဖြစ်တာမဟုတ်ဘူး။ ခင်ဗျားစီးထားတဲ့ ရာဘာ ဖိနပ်ကလည်း တခြားတိုင်းပြည်ကလာတာပဲ။ ခင်ဗျားဝတ်ထားတဲ့ ရှပ်အင်္ကျီက ဟိုဘက်နိုင်ငံက လာတာ။ အဲဒီရှပ်အင်္ကျီမှာထိုးထားတဲ့ ဘော့ပင်ဟာလည်း တခြားတိုင်းပြည်ကပဲ။ ခင်ဗျားလက်မှာပတ်ထားတဲ့နာရီကလည်း ကျုပ်တို့တိုင်းပြည်ကမဟုတ်တာ သေချာပါတယ်။ အဲဒီတော့ အဲဒါတွေအားလုံး ချွတ်ပြီး လွှင့်ပစ်လိုက်တော့"

ဟု ခပ်မာမာနှင့် ပြောလိုက်ရာ ထိုသူက..

"ဒီလောက်လည်း စိတ်မဆိုးပါနဲ့ ဆရာရယ်။ တစ်ယောက်နဲ့ တစ်ယောက် ပြေပြေလည်လည်ပေါ့"

ဟု ပြောရာ ကျွန်ုပ်က..

"ပြေပြေလည်လည်ဖြစ်ချင်ရင်တော့ ခင်ဗျား အခုလို အပိုစကားတွေမပြောဖို့ပဲ အရေးကြီးတယ်။ အပိုစကားတွေပြောရင် ကျုပ်လက်မခံဘူး။ ခင်ဗျားနဲ့ ဆက်ပြီးလည်း စကားပြောမှာ မဟုတ်ဘူး။ ခင်ဗျားကို မောင်းထုတ်ပစ်မှာပဲ"



http://cyberbooks.myanmarchat.org

ဟု ပြောလိုက်ရာ ထိုသူက သူ၏စီးကရက်ဘူးကို အိတ်ထဲသို့ ပြန်ထည့်ရင်း...

"ကျွန်တော့်နာမည်က ကိုရွှေဝလို့ခေါ်ပါတယ်။ ကျွန်တော့် အလုပ်က ပျော်ပွဲစားထွက်တဲ့အလုပ်ပါ။ ပျော်ပွဲစားလက်မှတ်တွေလုပ်ထားတယ်။ ပြီးတော့ လိုက်ရောင်းတယ်။ ပြီးတော့ ကားတွေဘာတွေငှားပြီး ကျွန်တော်က ဦးဆောင်ပြီး ပျော်ပွဲစား ထွက်ပေးရတယ်။ ကုန်းလမ်းခရီးနဲ့ ပျော်ပွဲစားထွက်တာလည်း ရှိတယ်။ သင်္ဘောတွေဘာတွေငှားပြီး ရေလမ်းခရီးနဲ့ ပျော်ပွဲစား ထွက်တာလည်းရှိပါတယ်။ အိုးတွေခွက်တွေ၊ ပန်းကန်တွေ ဝယ်ထားရတယ်။ ကလေးတွေပါလာရင် ကလေးတွေအတွက် လည်း မဲဖောက်တဲ့ကိရိယာတွေ ဝယ်ထားရတယ်။ အပျင်းပြေ ဖဲကစားဖို့ ဖဲထုပ်တွေ၊ လက်တောက်ခုံတွေ၊ ကျားကွက်တွေ လည်း ဝယ်ထားရတယ်။ ကျွန်တော့်ပျော်ပွဲစားလုပ်ငန်းနာမည် က 'မိုင် ဖဲယားလေဒီ ပျော်ပွဲစားအဖွဲ့'တဲ့။

"ကျွန်တော့်ပျော်ပွဲစားလုပ်ငန်းက ပျော်ဖို့ကောင်းပါတယ်။ ကျွန်တော်ဟာ နေ့တိုင်း ပျော်ပွဲစားထွက်နေရတယ်။ ကျွန် တော်ငှားထားတဲ့ ဘတ်စ်ကားကြီးကို 'မိုင်ဖဲယားလေဒီ ပျော် ပွဲစားအဖွဲ့' ဆိုတဲ့ ပိတ်ဆိုင်းဘုတ်ကြီးနှစ်ခုချိတ်ပြီး ထွက်တော့ တာပဲ။ ပြီးတော့ ကျွန်တော်က ထုံးစံတစ်ခုလုပ်ထားတယ်။ ပျော်ပွဲစားကားကြီးပေါ်တက်တာနဲ့ ကိုယ့်နာမည်ကိုယ် မသုံးရ တော့ဘူး။ နာမည်သစ်တစ်ခု ကျွန်တော်ကပေးတယ်။ နာမည်



http://cyberbooks.myanmarchat.org

ကတ်ပြားတွေကိုလည်း ကျွန်တော်က ရိုက်ထားတယ်။ မိန်းမ တွေကို မိန်းမနာမည်ပါတဲ့ကတ်ပြားတွေ ဝေပေးလိုက်တယ်။ ယောက်ျားတွေကို ယောက်ျားနာမည်ပါတဲ့ ကတ်ပြားတွေ ဝေ ပေးလိုက်တယ်။ များသောအားဖြင့်ကတော့ နိုင်ငံခြား ရုပ်ရှင် မင်းသား၊ မင်းသမီးနာမည်တွေပါပဲ။ ကိုလှမောင်ဆိုတဲ့သူက ကျွန်တော့်ပျော်ပွဲစားကားပေါ်မှာ ရောဘ တ်တေလာ ဖြစ်သွား နိုင်တယ်။ ဒေါ်စိန်ကြည်ဆိုတဲ့ မိန်းမကြီးကလည်း ကျွန်တော့် ပျော်ပွဲစားကားပေါ်မှာ ဆိုဖီရာလောရင်း ဖြစ်သွားနိုင်တယ်။ အဲဒါကိုက ပျော်စရာအချက်ပါပဲ။ ကလေးတွေက အီဗရာဟင် လင်ကွန်းဖြစ်လိုဖြစ်၊ မာဂရက်သက်ချာ ဖြစ်လိုဖြစ် ဖြစ်ကုန် တာပါပဲ။ ကျွန်တော်ကတော့ အမြဲတမ်းယူထားတဲ့ နာမည်ရှိ တယ်။ ကျွန်တော့်နာမည်က ဆာဝင်စတန်ချာချီပါပဲ။ ဘ တ်စ် ကားမောင်းတဲ့သူဟာ အမြဲတမ်း စပိုင်စမားရှားပါပဲ။ စပယ်ရာ ကတော့ အမြဲတမ်း အော်ဒီမာဖီ လုပ်ရပါတယ်။ ထမင်းချက် တဲ့ မိန်းမကြီးက အဲလီဇဘာ က်တဲ့။ ထမင်းပွဲတွေ လိုက်ပို့ရတဲ့ မိန်းမကတော့ ဗစ်တိုးရီးယား။ ကလေးတွေကိုထိန်းဖို့လည်း လူ ငှားထားပါတယ်။ အဲဒီလူရဲ့နာမည်က ဒရက်ကူလာတဲ့”

ဟုပြောလိုက်လျှင် ကျွန်ုပ်ပင်လျှင် ၎င်း၏လုပ်ငန်းကို စိတ်ဝင်စား သလိုရှိလာ၏။

“ခင်ဗျားအလုပ်က ခပ်ဟုတ်ဟုတ်ပဲ။ ပျော်ဖို့ အလွန်ကောင်း မှာ။ တစ်ခုတော့ရှိတယ်။ ခင်ဗျားအတွက် ကျန်ရဲ့လား”

ဟု မေးလိုက်ရာ ဆဝင်စတန်ချာချီခေါ် ကိုရွှေဝက..

"ဒီလိုရှိပါတယ်ဆရာရယ်။ မော်တော်ကားငှားခက ခြောက်ထောင်နဲ့ ခုနစ်ထောင်ကြားမှာရှိတယ်။ ဓာတ်ဆီဖိုးကတော့ နှစ်ထောင်နဲ့ သုံးထောင်ကြားမှာရှိတယ်။ ကျွေးမွေးစရိတ်ကတော့ ငါးထောင်အထက်မှာရှိတယ်။ အဲဒီအထဲမှာ လက်ဖက်ရည်တို့ အိုက်စကရင်တို့ ဖျော်ရည်တို့တိုက်တဲ့စရိတ်တွေ ပါပြီးသားပါ။ အဲဒီတော့ စုစုပေါင်း တစ်သောင်းသုံးထောင်ကျော်ကျော်ပေါ့။ မဲကို နှစ်ထောင်ကျော်ဖိုး ဖောက်ပေးလိုက်တယ်ဆိုတော့ ကုန်ကျစရိတ်ဟာ တစ်သောင်းငါးထောင်ကျော်ကျော်ကျပါတယ်။ အဲဒီအထဲမှာ ဒရိုင်ဘာ ၁ခ၊ ထမင်းချက်ခ၊ ကလေးထိန်းအတွက်တို့ပါပြီးသားပါ။ ပျော်ပွဲစားလက်မှတ်တစ်စောင်ကို ကျွန်တော်က ငါးရာနဲ့ရောင်းတယ်။ မော်တော်ကားတစ်စီးကို လူငါးဆယ်တင်တယ်။ အဲဒီတော့ စုစုပေါင်း နှစ်သောင်းငါးထောင်ရတယ်ပေါ့ ဆရာရယ်။ ကုန်ကျစရိတ်နှုတ်လိုက်ရင် တစ်ခါတလေ ကျွန်တော့်အတွက် တစ်သောင်းကျော်၊ တစ်ခါတလေ တစ်သောင်းလျော့လျော့ ရတယ်ဆိုပါတော့။ ဒါတောင် ကျွန်တော်က ကားတစ်စီးတည်းလုပ်ထားတာ။ ကားငါးစီးလောက် လုပ်ထားမယ်ဆိုရင်တော့ ကျွန်တော်ဟာနှစ်ဆယ်ရာစုနှစ်ကုန်ခါနီးရဲ့ ဓနတိက အသေးစားလေးပေါ့ ဆရာရယ်"

ဟုပြောလိုက်ရာ ကျွန်ုပ်သည် မရယ်ဘဲ မနေနိုင်တော့ပေ။



http://cyberbooks.myanmarchat.org

"ခင်ဗျားအလုပ်က အတော်ဟန်ကျနေတာပဲ။ စောစောကများ သိရင် ကျုပ်တောင် လုပ်မိမလား မဆိုနိုင်ဘူး"

ဟု ပြောလိုက်ရာ ထိုသူက..

"မလုပ်ပါနဲ့ ဆရာရယ်။ အေးအေးဆေးဆေး ပုတီးစိပ်နေတာ ကောင်းပါတယ်။"

ဟု ပြန်၍ပြောလိုက်လေ၏။

"နေစမ်းပါဦး ကိုရွှေဝ အဲ.. အဲ.. ကိုချာချီရယ်။ ခင်ဗျားက ကျုပ်ဆီကို ဘာလာလုပ်တာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ..

"ဒီလိုပါဆရာ။ အတိအကျတော့ မဟုတ်ပါဘူး။ ကျွန်တော် က နားစွန်နားဖျားကြားတာပါ။ ဆရာမင်းသိခ်ဆိုတဲ့လူဟာ ဂန္ဓာရီလမ်းစခန်းကို အများသူငါ လိုက်စားသလို ဂိုဏ်းတွေ ဘာတွေဝင်ပြီး လိုက်စားတာမဟုတ်ဘဲ တားရော့ကတ်ခေါ်တဲ့ ကတ်ပြားလေးတွေကို အသုံးပြုပြီး လိုက်စားနေတယ် ကြားရ လို့ပါ။ အဲဒီကတ်ပြားလေးမျိုး တစ်ထုပ် ကျွန်တော့်ဆီမှာ ရှိပါတယ်။ ကျွန်တော့်သူငယ်ချင်း ဂျပိုးတေလေတစ်ယောက် ဟာ သူ့ယောက္ခမရဲ့ အကူအညီနဲ့ နိုင်ငံခြားသင်္ဘောသား တစ်ယောက်ဖြစ်သွားတယ်။ အဲဒီတော့ နိုင်ငံခြားရောက်တုန်း အဲဒီ တားရော့ကတ်ဆိုတဲ့ ဖဲထုပ်လေးတစ်ထုပ်ပေါ့ဗျာ။ အဲဒါ ကျွန်တော့ကို လက်ဆောင်ပေးဖူးတယ်။ အဲဒီ တားရော့ကတ် အထုပ်နဲ့အတူ လမ်းညွှန်စာအုပ်တစ်အုပ် ပါလာတယ်ဗျာ။

လမ်းညွှန်စာအုပ်ကလေးက အခု ဆရာတို့ထုတ်တဲ့ ဝတ္ထုစာအုပ် အရွယ်လောက်ရှိတယ်။ အဖုံးက အနက်ရောင်။ အဲဒီ ဘူး ထဲမှာ တားရှော့ကတ်တွေအောက်မှာခင်းဖို့ ပိုးစလေး တစ်စ တောင် ပါသေးတယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က..

"ဟုတ်ပြီ။ ဟုတ်ပြီ။ ကျုပ်သိပြီ။ ခင်ဗျားရတဲ့တားရှော့ဟာ မစ်သစ်တားရှော့လို့ခေါ်တယ်။ အဲဒီ တားရှော့ဟာကောင်းသာပဲ"

ဟု ပြောလိုက်လေတော့၏။

ထိုအခါ ကိုရွှေဝက..

"အဲဒါ ထားပါတော့ဆရာရယ်။ ကျွန်တော် ဆရာ့ကို စော စောက မေးတဲ့မေးခွန်းကို ဖြေပါဦး။ ဂန္ဓာရီလမ်းကို တားရှော့ နဲ့ လိုက်လို့ရသလား။ တကယ်လို့ရရင် ကျွန်တော်လည်း လိုက်ချင်ပါတယ်။"

ဟုပြောလိုက်ပြန်လေ၏။

"ဒီလို၊ ဒီလို တားရှော့နဲ့ အဲဒီလမ်းစခန်းကို လိုက်လို့ရတယ်။ မြန်မာလိုပြောရရင် ထုံကူးတာလို့ခေါ်တယ်။ ရိုးရိုးလူ အဖြစ် ကနေ ဂန္ဓာရီသမားဖြစ်အောင် ထုံကူးယူရတယ်။ အနောက် တိုင်းမှာရှိတဲ့ လောကီဆရာတွေကတော့ ထုံကူးတယ်ဆိုတဲ့ မြန်မာစကားကို 'အင်နီစီရေးရှင်း' INITIATION ဆိုတဲ့ စာလုံး တစ်လုံးတည်းနဲ့ အသုံးပြုပါတယ်။ အိန္ဒိယ ပြည်မှာတော့ ထုံကူးတာကို 'ဒီဂျက်' DVIJAS လို့ ဆိုတယ်။ အဲဒီ ဒီဂျက်



http://cyberbooks.myanmarchat.org

ဆိုတာက သက္ကတစကား၊ သူ့အဓိပ္ပာယ်ကတော့ နှစ်ကြိမ် မြောက်မွေးဖွားခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဆိုလိုတာ ကတော့ လူသားမိခင်က တစ်ခါမွေးတယ်။ ဂန္ဓာရီ မိခင်က ဂန္ဓာရီသားဖြစ်အောင် ထပ်ပြီး မွေးတယ်ဆိုပါတော့”

ဟုကျွန်ုပ်က ပြောလိုက်လျှင် ကိုရွှေဝက..

“အခု ဆရာပြောတာ သဘာဝကျပါတယ်”

ဟု ပြောလေ၏။

“ဒီလို ကိုရွှေဝရဲ့၊ ရာစုနှစ်ပေါင်းများစွာမှာ အဲဒီ လောကီပညာကို စိတ်ဝင်စားတဲ့လူတွေဟာ ဂိုဏ်းအသီးသီးကို ဝင်ရောက်ပြီး သူတို့ဂိုဏ်းကစေခိုင်းတဲ့အတိုင်း ထုံကူးခဲ့ကြတယ်ပေါ့ဗျာ။ တချို့ထုံကူးတဲ့ အခမ်းအနားတွေဆိုရင် တော်တော့ကို ခမ်းခမ်းနားနားလုပ်ကြတာပေါ့ဗျာ။ ဒါပေမယ့် တားရော့က ညွှန်ပြတဲ့အတိုင်း ဂန္ဓာရီလမ်းကို လျှောက်မယ့်သူကတော့ ဘယ်အထက်လမ်းဂိုဏ်းမှ ဘယ်ဂန္ဓာရီဂိုဏ်းမှ ဝင်စရာမလိုပါဘူး။ ကိုယ်တစ်ယောက်တည်း ထုံကူးလို့ရပါတယ်”

ဟု ကျွန်ုပ်က ရှင်းပြလိုက်လေ၏။

ထိုအခါ ကိုယ်ရွှေဝခေါ် ဆာဝင်စတန်ချာချီသည်–

“အဲဒီနည်းလေးကို ပြောပြစမ်းပါဗျာ။ ကျုပ်လည်း ပျော်ပွဲစားထွက်ရတာ ငြီးငွေ့လာပြီ။ ဂန္ဓရီထုံကူးပြီး ဂန္ဓာရီစခန်းကို လိုက်စားမလားလို့ စိတ်ကူးတာပဲ”

ဟု ပြောလိုက်လေ၏။



http://cyberbooks.myanmarchat.org

"ဂန္ဓာရီစခန်းလိုက်စားမယ်ဆိုရင် သားတွေ၊ မယားတွေကို စွန့်ပစ်ခဲ့ရမှာ။ စည်းစိမ်ဥစ္စာတွေကို စွန့်ပစ်ခဲ့ရမှာ။ ခင်ဗျား လုပ်နိုင်ပါ့မလား ကိုချာချီရဲ့"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုရွှေဝသည် ရယ်မောလျက် "ကျွန်တော့်မှာ သားမယားရယ်လို့ မရှိပါဘူးဆရာရယ်။ အိမ်ထောင် ကျဖူးပါတယ်။ ဒါပေမယ့် ပျက်သွားပါပြီ။ ဆရာ့ကို ကြုံတုန်းပြောရဦးမယ်။ ကျွန်တော့်မိန်းမက နောက်မီးလင်းသွားတာ။ သူက စက်ချုပ်တယ်။ တောင်ပြုန်းအချိန်ရောက်ရင် ကိုယ်တော်ကြီး၊ ကိုယ်တော်လေးနန်းကိုမသွားဘဲ မနေနိုင်ဘူး။ သူ ပင်ပင်ပန်းပန်း စက်ချုပ်လို့ရတဲ့ငွေတွေကိုလည်း ကိုယ်တော်ကြီး၊ ကိုယ်တော်လေး ပေးတယ်လို့ယုံကြည်နေရှာတာ။ အဲဒီလိုသွားရင်းနဲ့ နတ်ကတော်အခြောက်တစ်ယောက်နဲ့ တွေ့တော့တာပဲ။ အဲဒီ နတ်ကတော်အခြောက်ကလည်း ဒီ ရှုးကြောင်ကြောင်မိန်းမကို အတင်းကပ်ပြီး နှူးတော့တာပေါ့ ဆရာရယ်။ အဲဒီမှာ ကိုယ်တော်ကြီး၊ ကိုယ်တော်လေးနဲ့ မတွေ့ရဘဲ ကျွန်တော့်မိန်းမဟာ နတ်ကတော်အခြောက်နဲ့ပဲ တွေ့သွားရရှာတယ်။ အဲဒီလိုနဲ့ပဲ ကျွန်တော်တို့အိမ်ထောင်ကြီးဟာ ပြိုကွဲသွားတယ်ဆိုပါတော့။ ပြီးတော့.. ကျွန်တော့်မှာ စီးပွား ဥစ္စာဆိုတာလည်း မရှိပါဘူး။ ပျော်ပွဲစားလုပ်ငန်းနဲ့ရတဲ့ငွေတွေလည်း ကျွန်တော်က သုံးပစ်တာပဲ။ သုံးပစ်တာပဲဆိုလို့ မဟုတ်တာလုပ်ပစ်တယ် မထင်နဲ့နော်။ ကျွန်တော့်အပေါင်း



http://cyberbooks.myanmarchat.org

အသင်းထဲက မရှိတဲ့သူတွေကို ပေးပစ်တယ်။ ကျွန်တော် လည်း ကောင်းကောင်းစားတယ်။ ပြီးတော့ လှူတယ်။ လှူ တယ်ဆိုလို့ အကြီးအကျယ်မထင်နဲ့နော်။ ဘုန်းကြီးတောင် ပင့်ပြီး ဆွမ်းမကျွေးဖြစ်ပါဘူး။ ဒုက္ခရောက်နေတဲ့သူတွေ့ရင် ကျွန်တော်က ပေးတာပဲ။ နောင်ရေးအတွက်လည်း ရွှေတိုရွှေစ လေးတွေ ဝယ်ထားတယ်။ ဒါလည်း မပြောပလောက်ပါဘူး။ ဆရာရယ်။ ကျွန်တော်က ဘာမှတွယ်တာမှု မရှိဘူးဆရာရဲ့။ ဒါကြောင့် အားလုံးစွန့်လွှတ်ပြီး ဂန္ဓာရီစခန်းသွားဖို့ဆိုတာ ကျွန်တော့်အတွက် ခက်ခဲတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ လုပ် နည်းမသိလို့ပါ။ နည်းကလေးပြောပြပါ”

ဟု ကိုရွှေဝခေါ် ကိုချာချီက ပြောလိုက်လေ၏။

“ကိုယ့်လူ တကယ်လုပ်မယ်ဆိုရင်တော့ ပြောရတာပေါ့။ ကျုပ် အတွက်လည်း ကုသိုလ်ရပါတယ်။ ဂန္ဓာရီ ထုံကူးတဲ့နေရာမှာ အဆင့်(၇)ဆင့်ရှိတယ်။ အဲဒါက (၇)ရက်ဆက်တိုက်လုပ်ရ တယ်။ အရေးကြီးတာကတော့ ပထမဦးဆုံး စတင်မယ့်ရက်ကို ကိုယ့်စိတ်ကြိုက် ရွေးချယ်ဖို့ပဲ။ ခင်ဗျားရဲ့ မွေးနေ့ကို ရွေးချယ် ချင် ရွေးချယ်လို့ရတယ်။ ဒါမှမဟုတ်ရင်လည်း ခင်ဗျားကြိုက် တဲ့ အင်္ဂလိပ်ရက်တစ်ရက်ကို ရွေးချယ်ပေါ့ဗျာ။ ဘာပဲဖြစ်ဖြစ် အင်္ဂလိပ်တစ်ရက်နေ့မှာလုပ်မယ်၊ သုံးရက်နေ့မှာ လုပ်မယ် စသည်ဖြင့်ပေါ့ဗျာ။ အကောင်းဆုံးရက်ကို ရွေးချယ်လိုက်ပေါ့။ တကယ်လို့ ကျုပ်ကိုရွေးချယ်ဖို့ အကြံတောင်းရင်တော့ ခင်ဗျား



http://cyberbooks.myanmarchat.org

ရဲ့မွေးရက်ကို ရွေးချယ်ဖို့ အကြံပေးမှာပဲ။ ခင်ဗျားရဲ့ မွေးရက်က ဘယ်ဟာလဲ ကိုရွှေဝ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုရွှေဝက..

"ကျွန်တော်က ၀၉၄၅ခု၊ ဇွန်လ ၂၁ရက်နေ့မှာ မွေးပါတယ် ဆရာ"

ဟု ပြန်၍ ပြောလိုက်လေ၏။

"ဒီလိုဆိုရင် အင်္ဂလိပ်လရဲ့ အင်္ဂလိပ် ၂၁ရက်ကခင်ဗျားအတွက် အကောင်းဆုံးပဲ။ အဲဒီတော့ ၂၁ရက်နေ့မှာ စပေါ့ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုရွှေဝက–

"အဲဒီ ၂၁ရက်နေ့မှာ ကျွန်တော်က ဘယ်လိုစ,ရမှာလဲ ဆရာရဲ့။ စ,ပုံစ,နည်းလေး ရှင်းပြပါဦး"

ဟု ပြောလိုက်လေ၏။

"ဒီလို ကိုရွှေဝရဲ့၊ ထုံဆင့် '၇'ဆင့်တက်ဖို့ 'အသင့်ပြင်ခြင်း' လိုအပ်တယ်။ အဲဒီ အသင့်ပြင်ခြင်း ခေါင်းစဉ်အောက်မှာ ဘာ ၁ တွေရှိရမလဲဆိုတော့..

၁။ စားပွဲခင်းအဖြူခင်းထားတဲ့ စားပွဲပုလေးတစ်လုံးလိုတယ်။

၂။ ဖယောင်းတိုင်အဖြူတစ်ထုပ်နဲ့ မီးခြစ်တစ်လုံးလိုတယ်။ အဲဒါကို စားပွဲပေါ်မှာ တင်ထားရမယ်။

၃။ ခင်ဗျားရဲ့ တားရှောဒ်ကတ်ပြားထုတ်ကလေးကိုလည်း အဲဒီ စားပွဲပေါ်မှာ တင်ထားရမယ်။

၄။ ဗလာစာအုပ်တစ်အုပ်နဲ့ ခဲတံတစ်ချောင်းလည်းလိုတယ်။



http://cyberbooks.myanmarchat.org

အဲဒါတွေ ပြည့်စုံပြီဆိုရင် ခင်ဗျားအိမ်ရဲ့ ဘယ်နေရာမှာ လုပ်ရမယ်လို့ သတ်မှတ်ချက်မရှိပါဘူး။ တိတ်ဆိတ်ပြီး အနှောင့်အယှက်ကင်းတဲ့နေရာမှာလုပ်ပါ။ အဲဒီအချိန်ကို ရွေးချယ်ပြီးတော့လည်း ခင်ဗျားအနေနဲ့ရေချိုးဖို့လိုပါတယ်။ ပြီးတော့ အကြောအခြင်တွေကို လျှော့ရမယ်။ ပြီးတော့ အဝတ်အစား အသစ်မဟုတ်တောင် လျှော်ဖွပ်ပြီးသားဖြစ်ရမယ်။ အဲဒီအဝတ်အစားဟာ ကျပ်ကျပ်တည်းတည်း မဖြစ်ရဘူး။ ချောင်ချောင်ချိချိဖြစ်ရမယ်။ အဲဒါတွေ အဆင့်သင့်ဖြစ်ပြီဆိုရင် အဲဒီ စားပွဲရှေ့မှာထိုင်ရမယ်။ ပြီတော့ ဖြည်းဖြည်းမှန်မှန်နဲ့ လက်ခုပ်သုံးချက်တီးရမယ်။ အဲဒီလိုတီးပြီးရင် **'အရ ကိုးနာရီထိုးပြီ။ ငါ့ဟာ ထုံကူးဖို့အဆင်သင့်ဖြစ်သွားပြီ'** လို့ ဖြည်းဖြည်းမှန်မှန်ဆိုရမယ်။ ကိုးနာရီဆိုတာက ပုံသေမဟုတ်ပါဘူး။ ခုနစ်နာရီမှာလုပ်တဲ့သူက ခုနစ်နာရီပေါ့။ ဆယ်နာရီမှာ လုပ်တဲ့လူက ဆယ်နာရီလို့ဆိုရမှာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်..

ကိုရွှေဝခေါ် ကိုချာချီက

"ဒီလိုဆရာရဲ့။ တားရော့က အနောက်တိုင်းနည်းပဲ ဆရာရယ်။ မြန်မာလိုဆိုရတာ ကောင်းပါ့မလား။ အင်္ဂလိပ်လိုဆိုရင် ပိုကောင်းမယ်ထင်တယ်"

ဟု အတွန့်တက်လေတော့၏။



http://cyberbooks.myanmarchat.org

"ခင်ဗျားဟာခင်ဗျား အင်္ဂလိပ်လိုပဲဆိုဆို၊ ကုလားလိုပဲဆိုဆို၊ တရုတ်လိုပဲဆိုဆို ရပါတယ်။ အင်္ဂလိပ်လိုဆိုရင်တော့ ဒီလိုဆိုရင်အကောင်းဆုံးပဲ"

It is now ?~

ဟု ကျွန်ုပ်က ပြောလိုက်ရာ..

"ဆရာ ပြောတာ မဆိုးဘူး။ အဲဒီအတိုင်းလုပ်ရမယ်။ ဆက်ပြီးပြောပါဦး ဆရာရဲ့"

ဟု ကိုရွှေဝက ပြောလေ၏။

"အသင့်ပြင်ခြင်းပြီးတော့ အခုအဆင့်က 'အဆင့် ၇ဆင့်ကို စတင်လုပ်ဆောင်ခြင်း' ပေါ့ဗျာ။ အဲဒါကတော့ အဆင့် ၁၃ ဆင့်ရှိတယ်"

ပထမအဆင့်..

လက်ခုပ်သုံးချက်တီးပြီး 'ဒါဟာ ငါရဲ့ပထမ ထုံဖြစ်တယ်" အင်္ဂလိပ်လို ပြောရင်တော့ "THIS IS MY FIRST STEP" လို့ပြောရမယ်။

**ဒုတိယအဆင့်...**

"အို… ဂန္ဓာရီ သိဒ္ဓိဓာတ်ကြီးခင်ဗျား။ ကျွန်ုပ်အား ကောင်းချီးပေးပါအလော့။ ကျွန်ုပ်၏အတွေး၊ အကြံ၊ အလုပ်များသန့်ရှင်းစင်ကြယ်ခြင်းကို ပေးပါလော့။ ကျွန်ုပ်အား ဦးဆောင်ပါလော့။ ဂန္ဓာရီ၏ အသိဉာဏ်ကို ပေးပါလော့ ဂန္ဓာရီသိဒ္ဓိက ဆောင်ရွက်ပေးလျှင် မဖြစ်နိုင်သော 'အရာ' ဟူ၍ မရှိကြောင်း ကျွန်ုပ်ကောင်းစွာ ယုံကြည်ပါသည်။ ကျွန်ုပ်၏ တစ်ကိုယ်လုံးတွင် မေတ္တာဓာတ်များ ကရုဏာဓာတ်များကို ဖြည့်ပေးပါလော့။ ကျွန်ုပ်နှင့် တွေ့ကြုံရသော လူအပေါင်းတို့အား ကူညီခွင့်ကို ပေးပါလော့။ စစ်မှန်သော စွမ်းရည်၊ အသိဉာဏ်၊ မေတ္တာဓာတ်တို့ ကျွန်ုပ်၏ဝိဉာဉ်၌ ပေးသနားပါလော့။ ကျွန်ုပ်သည် ဂန္ဓာရီလမ်းစဉ်အား ရိုးသားစွာ ယုံကြည်ပါသည်။ မြေပြင်ပေါ်မှ ကျွန်ုပ်နှင့် စပ်သမျှသော သူအားလုံးအား ဂန္ဓာရီသိဒ္ဓိ၏အကူအညီဖြင့် ကူညီနိုင်ပါစေသတည်း။ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့ပါသည်။ ဂန္ဓရီ သိဒ္ဓိကြီးခင်ဗျား ယခု ဆောင်ရွက်ပေးသမျှ အောင်မြင်ရပါစေသတည်း။"

လို့ ပြောပြီး ရွတ်ဆိုရမယ်။ အဲဒီလို မရွတ်ဆိုမီမှာ ဖယောင်းတိုင်အဖြူတစ်တိုင်စိုက်ပြီး မီးထွန်းဖို့လည်း မမေ့နဲ့ဦးနော်။



http://cyberbooks.myanmarchat.org

**တတိယဆင့်...**

ပြီးတော့ခင်ဗျားရဲ့ ဘ ယ်ဘ က်လက်ကို တားရော့ထုပ်ပေါ်မှာ အုပ်ပြီး တင်ထားရမယ်။ အဲဒီလို တင်ထားပြီးတော့ ဟောဒီ လိုပြောရမယ်ဗျို့။

**"အကျွန်ုပ်သည် ပထမထုံကို တက်လှမ်းနေစဉ် အတွင်း၌ မြင့်မြတ်သော အထက်ပုဂ္ဂိုလ်များထံ တောင်းခံအပ်ပါတယ်။ ကျွန်ုပ်အား အလင်းဓာတ်နှင့် ကောင်းချီးပေးစေသတည်း။ ကျွန်ုပ်အား နားလည်မှု များရပါစေသတည်း။**

**အလင်းတန်းနှင့် နားလည်မှုများရသောအခါမှသာလျှင် ကျွန်ုပ်သည် ဂန္ဓာရီသမားဘဝ၏ လမ်းကြောင်းကို ကောင်းစွာ လျှောက်လှမ်းနိုင်မည့်အပြင် ဂန္ဓာရီလမ်း တစ်လျှောက်တွင် တွေ့ကြုံရမည်ဖြစ်သော ပုပုရွရွမှန် သမျှအား ပျော်ရွှင်ချမ်းမြေ့ မှုများ အကျွန်ုပ်အနေနှင့် ပေးဝေနိုင်မှာ ဖြစ်ပါတယ် အထက်ပုဂ္ဂိုလ်များခင်ဗျား"။**

အဲဒီလို ရွတ်ဆိုရမယ်။ ကိုရွှေဝရေ ခင်ဗျားအနေနဲ့ အင်္ဂလိပ်လို ရွတ်ချင်ရတော့ ဟောဒီ ရွတ်ပေတော့ . . .



http://cyberbooks.myanmarchat.org

"AS I TAKE FIRST STEP INTIATION I SINCERELY ASK FOR HIGHER GUIDANCE. BLESS ME WITH LIGHT AND UNDERSTANDING SO THAT I MAY FOLLOW MY LIEF PATH, BRINGING JOY TO ALL THOSE I MEET ALONG THE WAY"

**စတုတ္ထအဆင့်** – လက်ခုပ်သုံးချက် တီးပါ။ ပြီးတော့ စားပွဲပေါ်မှာ ရှိတဲ့တားရော့ကတ်ပြားထုပ်ကလေးကို လက်ဝဲဘက်ကို ဖဲချိုးသလို သုံးပုံချိုးပါ။

**ပဉ္စမဆင့်** – အဲဒီ သုံးပုံပေါ်က ကတ်ပြားကလေးတစ်ချပ်စီကို လက်ဝဲဘက်ကနေပြီးတော့ တစ်ချပ်စီလှန်ပြီးတင်ထားလိုက်ပါ။ ကတ်ပြားတွေကို လှန်လိုက်တဲ့အခါမှာ တစ်ချပ်ချင်းဟောဒီလိုဆိုသွားရမယ်။

**"သစ္စာအရာ၌ လည်းကောင်း၊**
**မေတ္တာအရာ၌ လည်းကောင်း၊**
**ဉာဏ်အလင်းအရာ၌ လည်းကောင်း"**

လို့ရွတ်ဆိုရမယ်။ အင်္ဂလိပ်လို ရွတ်ရင်တော့ –



http://cyberbooks.myanmarchat.org

"IN TRUTH,

IN LOVE,

IN LIGHT"

လို့ဆိုပေါ့ဗျာ။"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုရွှေဝသည်လွန်စွာ သဘော ကျသွားလေ၏။

"သိပ်ပြီးရှင်းတာပဲ ဆရာရေ။ ခဏနေဦး ကျွန်တော်ဆေးလိပ် သောက်ဦးမယ်"

ဟုဆိုကာ ကျွန်ုပ်၏ ငါးသုံးလုံးစီးကရက်ဘူးမှ စီးကရက်ကို နှိုက်၍ ရှိုက်ဖွာလေ၏။ ထိုအခါ ကျွန်ုပ်က..

"ဒီမှာကိုယ့်လူ တိုင်းရင်းဖြစ်ပဲ ကြိုက်တာဆို၊ ဘာဖြစ်လို့ ကျွန်တော်ရဲ့ ငါးသုံးလုံးကိုသောက်ရတာလဲ။ ခင်ဗျား အိတ်ထဲ က ဒူးယားသောက်ပါလား"

ဟု ပြောလိုက်လျှင် ကိုရွှေဝက..

"ဒီလိုကတ်ဖိုးကတ်ဖဲ့တွေ မပြောပါနဲ့ ဆရာရယ်။ ဆရာ့ကို ကျွန်တော်က လေးစားကြည်ညိုပြီးသားပါ။ အဲဒီလို ပြောလို့ ဆရာ့ကို ကျွန်တော်အကြည်ညိုပျက်သွားပါဦးမယ်"

ဟု ပြန်၍ပြောလျှင် ကျွန်ုပ်က..

"ခင်ဗျားကြည်ညိုတာ ကျုပ်ရဲ့စီးကရက်ကုန်ဖို့ ဖြစ်နေပြီ။ ခင်ဗျား မကြည်ညိုလည်းရပါတယ်။ ကျုပ်စီးကရက်တော့



http://cyberbooks.myanmarchat.org

မသောက်နဲ့။ ခင်ဗျား ဒူးယား ခင်ဗျားဘာသာသောက်”

ဟု ပြောလိုက်ရာ ကိုရွှေဝက..

“ရှေ့လကျရင် ဆရာ့ကို ကျွန်တော် ငါးသုံးလုံးတစ်ထောင့် လာကန်တော့မယ်။ အဲဒီတော့ အခု ကျွန်တော်သောက်တာ တွေကို မပြောပါနဲ့တော့ ဆရာရယ်။ အလွန်ကောင်းတဲ့ စကား တွေဟာ စီးကရက်လေးတစ်လိပ်ကြောင့် အနှောင့်အယှက် မဖြစ်ပါစေနဲ့။ ဆက်ပြီးပြောပါ ဆရာရယ်။ ကျွန်တော်သောက် တာ မကျေနပ်ဘူးဆိုရင် အခုသောက်လက်စစီးကရက်ကို မီးသတ်ပြီး ဘူးထဲပြန်ထည့်ပေးပါ့မယ်”

ဟုပြောလိုက်လျှင် ကျွန်ုပ်က..

“ခင်ဗျား ဒီလို ခွတီးခွကျလုပ်လို့ ခင်ဗျားမိန်းမ နောက်မီးလင်း သွားတာ”

ဟု ပြောလိုက်ရာ ကိုရွှေဝသည် တဟားဟားရယ်လေ၏။

ထို့နောက် ကျွန်ုပ်က..

“**ဆဋ္ဌမအဆင့်** – လှန်ထားတဲ့တားရော့သုံးချပ်ကို သေသေ ချာချာ လေ့လာရမယ်။ အဓိပ္ပာယ်ကိုလည်း လေးလေးနက် နက် ဖွင့်ဆိုရမယ်။

**သတ္တမဆင့်** – ပြီးတော့ အဲဒီအဓိပ္ပာယ်တွေကို စာအုပ်အလွတ် ထဲမှာ ရေးထည့်ရမယ်။

**အဋ္ဌမဆင့်** – အဲဒီအချိန်မှာ ဖယောင်းတိုင်က ထွန်းပြီးသား နော်။ တားရော့ထုပ်ထဲ ပြန်ထည့်ပြီး ကတ်ပြားချင်း ရောထွေး



http://cyberbooks.myanmarchat.org

အောင် မွှေနှောက်ရမယ်။ ပြီးတော့ တားရော့ထုပ်ကို စားပွဲပေါ် ပြန်တင်ထားရမယ်။

**နဝမဆင့်** – တားရော့ထုပ်ကို တစ်ခါ ဖဲချိုးသလိုချိုးပြီး အပေါ် ဆုံးကတ်ပြားကိုလှန်ပြီး တင်ထားရမယ်။

**ဒသမဆင့်** – အဲဒီလှန်ထားတဲ့ကတ်ပြားကို မျက်စိနဲ့သေသေ ချာချာ ကြည့်ရမယ်။ ပြီးတော့ မျက်စိမှိတ်ပြီး အာရုံထဲမှာပေါ် အောင် ကြည့်ရမယ်။ အဲဒီလို မျက်စိကိုမှိတ်ပြီး အာရုံထဲမှာ ပေါ်အောင်ကြည့်နေတဲ့အတွင်းမှာ..

**"ဟောဒီကတ်ပြားဟာ ငါ နောက်ထပ်ဆက်ပြီးတက်ရမယ့်လမ်းကို ညွှန်ပြတဲ့ကတ်ပြား ဖြစ်ပါစေသတည်း"**

လို့ ရွတ်နေရမယ်။ အင်္ဂလိပ်လို ဆိုရင်တော့ . . .

"THIS SYMBOL INDICATES THE DIRECTION TOWARD MY NEXT STEP"

**ဧကာဒသမဆင့်** – လက်ခုပ်ကို ဖြည်းဖြည်းမှန်မှန် သုံးချက် တီးပြီး ဟောဒီလိုပြောရမယ်။



http://cyberbooks.myanmarchat.org

**"ဂန္ဓာရီ ထုံကူးသောနေရာ၌ ဤကတ်ပြားများမှ သင်္ကေတ များသည် ကျွန်ုပ်အား ကောင်းမွန်စွာ လမ်းညွှန်နိုင်ပါ စေသတည်း။ ကျွန်ုပ်သည် ယခုထွန်းညှိထားသော အလင်းတိုင်ကို မီးငြိမ်းလိုက်သည့်အခါ၌ ဤကတ်ပြား တွင်ရှိသော သင်္ကေတသည် ကျွန်ုပ် ၂၄နာရီအတွင်း တက်မည့်နောက်ထပ် နောက်ထပ်သော ထုံအဆင့်များ အတွက် အလင်းရောင်များ ပေးနိုင်ပါစေသတည်း"**

အဲဒါ မြန်မာလို ဆိုတာ အင်္ဂလိပ်လို ဆိုချင်ရင်တော့ –

"LET THE LIGHT OF THE SYMBOL GUIDE ME ON MY PATH OF INITIATION. AS I EXTINGUISH THE FLAME OF MY CANDLE I PRAY THAT THE LIGHT WITHIN THIS SYMBOL WILL SHOW ME THE WAY DURING THE NEXT 24 HOURS"

**ဒွါဒသမဆင့်** – အလင်းတိုင်ကို မီးငြိမ်းလိုက်ပါ။ ပြီးတော့လည်း လက်ခုပ်သုံးချက် မှန်မှန်တီးလိုက်ပါ။

တေဒသမဆင့်– စောစောက ကြည့်ထားတဲ့ တားရော့ကတ်ပြားကို သူ့အထုပ်ထဲပြန်ထည့်ပြီး ရောလိုက်ပါ။ ပြီးတော့



http://cyberbooks.myanmarchat.org

လက်နှစ်ဖက်ကို တားရော့ဒ်ကတ်ပြားထုတ်ပေါ်တင်ပြီး ဟောဒီလို ရွတ်ဆိုပါ။

**"အကျွန်ုပ်သည် ဂန္ထာရီထုံကူးရန် အသိဉာဏ်တရားကို ကောင်းစွာရွေးချယ်ပြီး၍ အထက်ပုဂ္ဂိုလ်များမှ ပေးအပ်ပြီးသော လမ်းညွှန်မှုကို ကောင်းစွာလက်ခံပြီးဖြစ်၏။ ထို့အတူ ကျွန်ုပ်သည် တားရော့မှဖော်ပြသော သင်္ကေတကို ကျွန်ုပ်၏ ဉာဏစက္ခုဌ် အပြီးအပိုင် နေရာချထားပြီးဖြစ်၍ ကျွန်ုပ်၏ပတ်ပတ်လည်၌ရှိသော အလင်းတော်၏ ဦးဆောင်ရာသို့ ကောင်းစွာလိုက်ပါမည်ဖြစ်ကြောင်း ကတိပေးအပ်ပါသည်။**

တကယ်လို့ အင်္ဂလိပ်လိုရွတ်ချင်ရင်တော့ ဟောဒီလိုရွတ်ပါ။

"I THINK SOUGHT WISDOM ON MY PATH TO INITIATION AND I ACCEPT THE GUIDANCE GIVEN. I HAVE PLACED THE SYMBOL TO MY INNER EYE AND WILL FOLLOW THE LIGHT THAT NOW SURROUNDS ME"

ဟု ပြောပြလိုက်လေ၏။ ထိုအခါ ကိုရွှေဝက –



http://cyberbooks.myanmarchat.org

"နောက်ထပ် ဘာလုပ်ရဦးမလဲ ဆရာရဲ့"

ဟု မေးလေ၏။

"ဒီလို ကိုရွှေဝရဲ့ အခုပြောပြီးတဲ့ အထိက အဆင့်တစ်ဆင့် တက်တဲ့နည်းပဲ။ အဲဒါကို တစ်နေ့တစ်ဆင့်နဲ့ ခုနစ်ရက်ဆက် တိုက် ခုနစ်ဆင့်တက်ရမယ်။ ပုံစံကတော့ ဒီအတိုင်းရွတ်ဆို ရမယ်။ ဒီအတိုင်း ဖယောင်းတိုင်ထွန်းရမယ်။ ဒီအတိုင်း လက် ခုပ်တီးရမယ်ပေါ့။ ဒါပေမယ့် ပထမရက်ကို ပထမဆင့်လို့ ဆိုရမယ်။ နောက်ရက်ကို ဒုတိယဆင့် နောက်တစ်ရက်ကို နောက်တစ်ဆင့်တစ်ဆင့်စီ ပြောင်းပြီးဆိုသွားဖို့ပဲရှိတယ်။ လုပ်ပုံလုပ်နည်းကတော့ ဒီအတိုင်းအတူတူချည်းပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ကိုရွှေဝသည် ပြုံး၍–

"နေဦးဆရာရဲ့။ ဒီအတိုင်း စိတ်နဲ့တော့ မှတ်လို့မရဘူး။ ဒီနား မှာ စာအုပ်သွားဝယ်ဦးမယ်။ ပြီးတော့ ရေးမှတ်ထားမယ်။ တစ်ခေါက် ထပ်ပြောပါဦး"

ဟုဆိုကာ မလှမ်းမကမ်းရှိ စတိုးဆိုင်လေးတစ်ဆိုင်သို့ ပြေး သွားကာ ၎င်းသည် စာအုပ်အလွတ်တစ်အုပ်နှင့် ခဲတံတစ်ချောင်းကို ဝယ်လာကာ ကျွန်ုပ်အား နောက်ထပ်တစ်ခေါက်ပြောခိုင်း၍ အစ အဆုံး လိုက်လံရေးမှတ်ထားလိုက်လေတော့၏။ ထို့နောက် ၎င်း ကိုရွှေဝက–

"ခုနစ်ရက်ပြီးရင် ဘာဆက်လုပ်ရဦးမှာတုံး ဆရာရဲ့"

ဟု မေးလေ၏။



http://cyberbooks.myanmarchat.org

"ဒါက ဒီလိုဗျ။ ဆရာဖြစ် တက်ရတော့မယ်။ ဆရာဖြစ်တက်တဲ့ အခမ်းအနားမှာ ကိုယ်ဆရာဖြစ်တဲ့နေ့ကို ရွေးချယ်ဖို့လိုတယ်။ အဲဒါက အင်္ဂလိပ်ရက်စွဲနဲ့ မဆိုင်ဘူးဗျ။ နေ့နဲ့ဆိုင်တယ်။ အဲဒါကလည်း ကိုယ်ကြိုက်တဲ့နေ့ကို ရွေးချယ်ခွင့်ရှိတယ်။ အင်္ဂလိပ်လ ပထမပတ်ရဲ့ တနင်္ဂနွေနေ့ကို ကြိုက်ရင် အဲဒီ ပထမပတ်ရဲ့ တနင်္ဂနွေနေ့ဟာ ခင်ဗျား ဆရာဖြစ်တဲ့နေ့ပဲ။ အဲဒီလို ပထမပတ်ရဲ့ စနေနေ့၊ အင်္ဂါနေ့ကြိုက်ရာရွေးချယ်နိုင်ပါတယ်။ အဲဒါ ခင်ဗျား ဆရာဖြစ်တဲ့နေ့ပဲ။ ဆရာဖြစ်တဲ့နေ့ဖြစ်သလိုပဲ အဲဒီနေ့ဟာ ခင်ဗျားကို ဆရာဖြစ်အောင် ဦးဆောင်ဦးရွက်ပြုမယ့် နေ့လည်းဖြစ်တယ်။ အင်္ဂလိပ်လိုတော့ "မာစတာဒေး" MASTERDAY ပေါ့ဗျာ။ အဲဒီလို ရွေးချယ်သတ်မှတ်ပြီးရင် ပစ္စည်းကိုးခု အဆင်သင့်လုပ်ရဦးမယ်။

၁။ အဝတ်ဖြူခင်းထားတဲ့ စားပွဲပုကလေး။

၂။ ပန်းရောင်သို့မဟုတ် အနီရောင်ရှိတဲ့ ဖယောင်းတိုင်နဲ့မီးခြစ်။

၃။ စားပွဲခုံရှေ့မှာ ခင်ဗျားထိုင်တဲ့အခါမှာ ခင်ဗျားထိုင်ဖို့ ဖျာလေးတစ်ချပ် ခင်းထားရမယ်။ ပြီးတော့ ခင်ဗျားရဲ့ လက်ဝဲဘက်မှာ ဂန္ဓာရီအစောင့် ပုဂ္ဂိုလ်ထိုင်ဖို့ ဖျာတစ်ချပ်လည်း ခင်းထားရမယ်။ အဲဒီ ဖျာပေါ်မှာကတော့ အနီရောင်ပတ်စလေးအုပ်ထားရမယ်။

၄။ ခဲတံတစ်ချောင်းနဲ့ ဗလာစာအုပ်အလွတ်တစ်အုပ်လည်း ထားရမယ်။

၅။ ဖန်ခွက်သုံးခွက်နဲ့ ရေအပြည့်ထည့်ထားတာလည်း ရှိရမယ်။

၆။ ပန်းရောင်ဖျော့ဖျော့ ပန်းပွင့်တွေလည်း ရှိရမယ်။ နှင်းဆီပန်းသုံးရင်လည်းရတယ်။ တခြားပန်းတွေလည်း ရပါတယ်။

၇။ တားရော့ထဲက ခွက်သုံးခု ကတ်ပြားတစ်ချပ်နဲ့ ဘုရင်မကတ်ပြား တစ်ချပ်ကိုလည်း စားပွဲပေါ်မှာ တင်ထားရမယ်။

၈။ ဂန္ဓာရီသမားရဲ့ ပစ္စည်းလေးမျိုးလည်း စားပွဲပေါ်မှာ တင်ထားရမယ်။ အဲဒီပစ္စည်းလေးမျိုးဆိုတာက–

(က) သစ်ပင်ကနေ လောလောလတ်လတ် ဖြတ်ထားတဲ့ တစ်တောင်လောက်ရှိတဲ့ သစ်ကိုင်းစို တစ်ချောင်း။

(ခ) အပ်ချုပ်သမားတွေ အသုံးပြုတဲ့အပ်လက်ထောက် တစ်ခု။

(ဂ) ရှေးဟောင်းကြေးပြား တစ်ပြား၊ ဘယ်နိုင်ငံသုံးကြေးပြားဖြစ်ဖြစ် ရပါတယ်။ ကြေးပြားမရရင် ငွေဒင်္ဂါးပြားတွေ ဘာတွေလည်း ရပါတယ်။

(ဃ) ဓားမြှောင်အသေးလေး တစ်လက်။

အဲဒီမှာပြောစရာတစ်ခုရှိတယ်။ ငွေဒင်္ဂါးရယ်၊ ဓားမြှောင်ရယ်ဟာ ငွေရောင်ဒါမှမဟုတ်ရင် ငွေအစစ်နဲ့ လုပ်ထားရင် ပိုပြီးကောင်းတယ်။ ဓားမြှောင်ဟာ သစ်သီးတွေဘာတွေ လှီးတဲ့ဓားမျိုး ဒါမှမဟုတ် မီးဖိုချောင်မှာသုံးတဲ့ ဟင်းရွက်လှီးတဲ့ဓားပါးပါးလောက် အရွယ်ဆိုရင် ရပါတယ်။ အကောင်းဆုံး ဓားမြှောင်ကို ညွှန်ပြပါဆိုရင်တော့ ငွေနဲ့လုပ်ထားတဲ့ ဓားမြှောင်



http://cyberbooks.myanmarchat.org

အရှိးမှာ ပုလဲတွေဘာတွေစီထားရင် ပိုကောင်းတာပေါ့။ ပုလဲ ဆိုတာ ဂန္ဓာရီစခန်းမှာ 'အသိဉာဏ်ရဲ့မျိုးစေ့'လို့တောင် တင်စား ပြီးခေါ်တယ်။

၉။ ငွေလင်ပန်းတစ်ချပ် ဒါမှမဟုတ် ငွေရောင်လက်နေတဲ့ လင်ပန်း ဆိုရင်ရပါတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ကိုချာချီခေါ်ကို ရွှေဝသည်–

"ဆရာသမားရေ တော်တော်လေးတော့ ရှုပ်လာပြီနော်"

ဟုပြောလိုက်လေ၏။ ကျွန်ုပ်သည် စီးကရက်တိုကို ချေရင်း "အခု ပြောမှာကတော့ စောစောက ပစ္စည်းတွေကို ထားသို ရမယ့် အချက်အလက် ခုနစ်ချက်ကို ပြောမယ်။

၁။ အစောင့်ပုဂ္ဂိုလ် ထိုင်ဖို့နေရာကိုတော့ ခင်ဗျားဘယ်ဘက် မှာ အကျအန လုပ်ပေးထားရမယ်။

၂။ ငွေလင်ပန်းထဲမှာ ဂန္ဓာရီသမားရဲ့ ပစ္စည်းလေးမျိုးကို ထည့်ရမယ်။

သစ်ကိုင်းရယ်၊ အပ်လက်ထောက်လေးရယ်၊ ဒင်္ဂါးရယ်၊ ဓားမြှောင်ရယ်ပေါ့။

၃။ စားပွဲရဲ့ လက်ဝဲဘက်မှာ စောစောကပြောတဲ့ အနီရောင် ရှိတဲ့ ဖယောင်းတိုင်ကို ထားရမယ်။

၄။ ပန်းအနီနဲ့ ဖန်ခွက် သုံးခွက်ကို စားပွဲရဲ့ညာဘက်မှာ ထား ရမယ်။



http://cyberbooks.myanmarchat.org

၅။ ဘုရင်မပုံပါတဲ့ တားရှော့ကတ်ပြားကို စားပွဲရဲ့ဘယ်ဘက်မှာထားရမယ်။ အဲဒါဟာ အစောင့်ပုဂ္ဂိုလ်ကို ကိုယ်စားပြုတဲ့အမှတ်အသားပဲ။

၆။ ခွက်သုံးခုပါတဲ့ ကတ်ပြားကိုတော့ ခင်ဗျားရဲ့ ရှေ့တည့်တည့်စားပွဲပေါ်မှာ တင်ထားရမယ်။

၇။ အခု ကျုပ်ပြောတဲ့ တားရှော့ကတ်နဲ့ ဂန္ဓာရီထုံးကူးနည်းစာတမ်းကိုတော့ ခင်ဗျားနဲ့ လက်လှမ်းမီရာ နေရာမှာထားရမယ်။

ဒါကိုကြည့်ပြီး ခင်ဗျားအလုပ်လုပ်ရမှာမဟုတ်လား”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုရွှေဝက –

“မှန်ပေသပေါ့ ဆရာရယ်။ ဒါမရှိလို့တော့ ဘယ်ဖြစ်မလဲ”

ဟု ပြောလေ၏။

“ကဲ ရိုးရိုး ဂန္ဓာရီထုံ အဆင့်ခုနစ်ဆင့်ကနေ ဆရာဖြစ်ထုံကို ကူးပြီနော်။ အရေးကြီးလာပြီ။ အဲဒီမှာ အဆင့်ပေါင်း (၂၃) ဆင့်ရှိတယ်။ အဲဒါကို တစ်ဆင့်စီ ကျုပ်ရှင်းပြသွားမယ်။ခင်ဗျား သေသေချာချာလိုက်ပြီး ရေးပေတော့။

၁။ လက်ခုပ်ခြောက်ချပ် တီးရမယ်။

တီးပုံတီးနည်းက –

တစ်၊ နှစ် – ရပ်

သုံး၊ လေး – ရပ်

ငါး၊ ခြောက် – ရပ်

အဲဒီလို နှစ်ချက်စီ၊ နှစ်ချက်စီ၊ ခြောက်ချက်ပြည့်အောင် တီးရမယ်။

၂။ အပ်လက်ထောက်ကို အရက်ဖန်ခွက်ကိုင်သလို ကိုင်မြှောက်ပြီး –

> **"ဟောဒီခွက်ထဲမှာ မေတ္တာတရား၊ ကရုဏာတရား ဆိုတဲ့ မျိုးစေ့တွေနဲ့ ပြည့်လျှမ်းနေပါတယ်။ အဲဒါကို ကျွန်ုပ် သောက်သုံးပါတယ်။ အဲဒီအခါမှာ ဟောဒီခွက် အပြည့် ပျော်ရွှင်းခြင်းနဲ့ မေတ္တာစေတ်များ ပြည့်လျှမ်း သွားပါစေသတည်း"**

လို့ပြောပြီး ပါးစပ်နဲ့စုပ်သောက်ဟန် ပြုရမယ်။ အင်္ဂလိပ်လို ပြောချင်ရင်တော့။

> "WITHIN THE THIMBLE ARE THE SEEDS OF LOVE AND COMPASSION.
> AS I SIP FROM IT, IT SHALL BECOME A CUP BRIMMING WITH HAPPINESS AND LOVE"

လို့ ပြောရမယ်။

၃။ အပ်လက်ထောက်ကလေးကို လင်ပန်းထဲ ပြန်ထည့်ရမယ်။



http://cyberbooks.myanmarchat.org

၄။ ရှေးဟောင်း ကြေးပိုက်ဆံ သို့မဟုတ် ငွေဒင်္ဂါးပိုက်ဆံကို ညာလက်နဲ့ ဆုပ်ပြီး ဟောဒီလိုပြောရမယ်။

**"အကယ်၍ ကျွန်ုပ်၌ကောင်းသော ရည်ရွယ်ချက်များနှင့် အလှူဒါနများ ရှိခဲ့လျှင် ဤငွေဒင်္ဂါး သို့မဟုတ် ဤကြေးပိုက်ဆံသည် ဥစ္စာဓနကို ကိုယ်စားပြု၍ မှန်မှန်ကန်ကန် ကျွန်ုပ်ထံသို့ ရောက်ရှိပါစေသတည်း"**

အင်္ဂလိပ်လို ဆိုမယ်ဆိုရင်တော့ –

"THE COIN REPRESENT WEALTH WHICH CAN BE RIGHTFULLY MINE IF I HAVE GOOD INTENTIONS AND CHARITY TOWARD ALL.

လို့ ဆိုရမယ်။

၅။ အဲဒီပိုက်ဆံပြားကို လင်ပန်းထဲကို ပြန်ပြီးထည့်လိုက်ပါ။

၆။ သစ်ကိုင်းကို လက်ညှိုးညွှန်ပြီး ဟောဒီလို ပြောရဦးမယ်။

**"ဟောဒီ သစ်ကိုင်းတုတ်ဟာ အသက်ရှင်နေတဲ့ သစ်ပင်ရဲ့ အကိုင်းကနေ ဖြတ်ယူထားခြင်း ဖြစ်ပါတယ်။ ထိုသစ်ကိုင်းတို့၏ တုန်ခါမှုများသည် အသက်ဓာတ်၊ အောင်မြင်မှုနှင့် အကျိုးပြုမှုများ ဖြစ်ပါစေသတည်း။**



http://cyberbooks.myanmarchat.org

**ယခု ကျွန်ုပ်သည် အသက်ဓာတ် ဖြစ်ပေါ်စေခြင်း တန်ခိုးသိဒ္ဓိကို ထိတွေ့ကိုင်တွယ်ရန် ရှေ့သို့တစ်ဆင့် တိုးပါတော့မည်။**

အင်္ဂလိပ်လိုပြောချင်ရင်တော့..

"THE WAND IS A LIFE BRANCH CUT FRESH FROM THE TREE. ITS VIBRATION REPRESENT LIFE, SUCCESS AND ENTERPRISE. I WILL NOW COME FORWARD AND TOUCH THE LIFE-GIVING POWER.

လို့ပြောရမယ်။

၇။ သစ်ကိုင်းကို စားပွဲပေါ်ကနေ လက်နှစ်ဖက်နဲ့ ကိုင်ယူပြီး ဆုပ်ကိုင်ရမယ်။

၈။ အဲဒီ သစ်ကိုင်းတုတ်ကို လင်ပန်းထဲ ပြန်ထည့်ရမယ်

၉။ ပြီးတော့ ဟောဒီလို ရွတ်ရဦးမယ်။

**စကြဝဠာ မနောဝိညာဉ်ဓာတ်ကြီးခင်ဗျား –**
**ကျွန်ုပ်သည် ကျွန်ုပ်ချစ်ရသော သူအပေါင်းနှင့် ကျွန်ုပ်၏ မိသားစုများအတွက် ထိုဝိညာဉ်ဓာတ်ကြီးအား ကျေးဇူး ဉပကာရ အထူးတင်ရှိပါသည်။**



http://cyberbooks.myanmarchat.org

**ကျွန်ုပ် အိမ်ဂေဟာ၏ လုံခြုံမှု၊ ကျွန်ုပ်တိုင်းနိုင်ငံ၏ လုံခြုံမှုအတွက် လိုအပ်သမျှသော ကယ်မမှုများ ကောင်းချီးပေးမှုများကို တောင်းခံအပ်ပါသည်။ ဆုတောင်းသော သူဟူသမျှ၏ အသံကို အသင်မနောဝိညာဉ်ဓာတ်ကြီးသည် ကြားပါစေသတည်း။**

**ငြိမ်းချမ်းမှု၊ အသိတရားရှိမှုများကို ကောင်းချီးပေးပါစေသတည်း။**

**ဤနေ့ ဤရက်တွင် နာဖျားမကျန်းရှိသူတို့အတွက်လည်း အထူးတလည် ဆုတောင်း၊ ဆုယူပြုကြပါသည်။ အားလုံး ပျောက်ကင်းကြပါစေသတည်း။**

**ထိုသူတို့အတွက်လည်း စကြဝဠာ မနောဝိညာဉ်ဓာတ်ကြီးအား ဂုဏ်ကျေးဇူးကို အထူးသိပါသည်။ ထို စကြဝဠာ ဝိညာဉ်ဓာတ်ကြီးနှင့် တပေါင်းတစည်းတည်း ဖြစ်၍ ကောင်းကျိုးချမ်းသာတို့ ရရှိပါစေဟုလည်း ဆုတောင်းအပ်ပေသတည်း။**

အဲဒီတော့ အင်္ဂလိပ်လို ဆိုချင်ရင်လည်း ဆိုလို့ရပါသေးတယ်။ ဒါပေမယ့် စာကတော့ သိပ်ရှည်သွားလိမ့်မယ်။ ဟောဒီအတိုင်း ဆိုရင် ကောင်းတာပေါ့။



http://cyberbooks.myanmarchat.org

ALMIGHTY AND UNIVERSAL SPIRIT, I GIVE THANKS FOR MY FAMILY AND LOVED ONES. FROM THE SECURITY OF MY HOME AND COUNTRY I SEND OUT HEALING AND BLESSINGS TO ALL THOSE WHO CALL UPON YOU BE HEARD. MAY THEY BE BLESSED WITH PEACE AND UNDERS SANDING I ASK A SPECIAL BLESSING OF DIVINE HEAUNG FOR ALL THOSE WHO SUFFER THIS DAY. I GIVE THANKS FOR THE BLESSINGS OF LOVE AND ASK THAT ALL MAY BENEFIT FROM THE JOY OF BEING TOGETHER IN SPIRIT AND PURPOSE.

လို့ ဆိုရမှာပေါ့။

၁၀။ ပြီးရင် လက်ခုပ်သုံးချက်တီးရမယ်။ ပြီးတော့ –

**အကျွန်ုပ်သည် စိတ်ဓာတ်ဆိုင်ရာ တိုးတက်မှုများရရှိစေရန် ရိုးသားစွာဆုတောင်းအပ်ပါသည်။**

**ထိုကူးသော တံခါးဝသို့ ကျွန်ုပ် ချဉ်းကပ်မိသည်နှင့် ကောင်းချီးပေးမှုများ၊ တန်ခိုးသိဒ္ဓိများကို တောင်းယူခဲ့ပါသည်။**

**ထိုတောင်းယူမှုများသည် အရာအထောင် တိုးပွားပါစေသတည်း။**
**သို့မှသာ ကျွန်ုပ်၏ ဂန္ဓာရီလမ်းခရီး၌ ကျွန်ုပ်ရရှိသော ဂန္ဓာရီအလင်းရောင်နှင့် တွေ့ဆုံကြုံကြိုက်သူများအား အကျိုးဖြစ်ထွန်းနိုင်ပေမည်။**
**ကျွန်ုပ်သည် ဤနေ့ဤရက်မှစ၍ သံသယအမှောင်တိုက်ကို သစ္စာအလင်းရောင်ဖြင့် ဖြိုခွင်းပါမည်။**
**ကျွန်ုပ်သည် နေ့တိုင်းနေ့တိုင်း ၎င်းကောင်းချီးပေးမှုများ၏ ဂုဏ်ကျေးဇူးကို အထူးသိပါမည်။**
**ကျွန်ုပ်သည် စကြဝဠာ၏ မွန်မြတ်သော အပိုင်းများ၌ ပါဝင်နေသော အသိကိုသိသောအသိဖြင့် ညစဉ်ညတိုင်း အိပ်စက်ပါမည်။**

လို့ ဆိုရမယ်။ အင်္ဂလိပ်လို ဆိုချင်ရင်တော့ အကောင်းဆုံးက–

I NOW MAKE A SINCERE REQUEST TO PROGESS SPIRITUALLY. AS A APPROCH THE GATEWAY OF INITIATION I ASK THAT I BE GIVEN ALL MANNER OF BLESSINGS AND THE POWER TO MULTIPLY THESE BLESSINGS A HUNDRED FOLD, SO THAT ALL WHO CROSS



http://cyberbooks.myanmarchat.org

MAY PATH MAY BENEFIT FROM MY LIGHT OF INITIATION FROM THIS DAY ON, I WILL EXTEND MY SELF AND LET THE LIGHT OF TRUTH REMOVE THE DARKNESS OF DOUBT FROM MY LIFE I WILL GREET EACH DAY AS ANOTHER BLESSING. I WILL SLEEP EACH NIGHT KNOWING THAT I AM A SACRED PART OF THE UNIVERSAL PLAN.

၁၁။ အဲဒါပြီးတော့ လက်ခုပ်တစ်ချက်တီးပြန်တယ်။ အဲဒီလို လက်ခုပ်တစ်ချက်တီးပြီးတော့ –

**အကျွန်ုပ်သည် ဂန္ဓာရီနှင့် ပတ်သက်၍ သင်ယူရန်များစွာ ရှိသေးကြောင်း နားလည်အပ်ပါသည်။**

**ကျွန်ုပ်အား အလင်းဓာတ်ဖြင့် ကောင်းချီးပေးပါစေသတည်း။**

**အခြားသူတို့၏ လိုအပ်ချက်ကို သိနားလည်ခွင့် ရပါစေသတည်း။**



http://cyberbooks.myanmarchat.org

**ဒါနအကျိုးကို ကောင်းစွာ သိရပါစေသတည်း။**
**ကျွန်ုပ်ကိုယ်တိုင်အတွက် လည်းကောင်း၊ ကျွန်ုပ်အား စောင့်ရှောက်သူအတွက် လည်းကောင်း၊ ကျွန်ုပ် ဆုတောင်းအပ်ပါသည်။**
**အသိဉာဏ်တရားအား ဖိတ်ခေါ်ခြင်းအလို့ငှာ ကျွန်ုပ် သည် အလင်းတိုင်ကို ထွန်းညှိလျက်သား ရှိနေပါသည်။**

လို့ ရွတ်နေမယ်။ အင်္ဂလိပ်လိုဆိုရင်တော့ ဟောဒီလို ရွတ်ရ မှာပေါ့။

"I REALIZE THAT I HAVE MUCH TO LEARN. I PRAY THAT I WILL BLESSED WITH LIGHT. I WANT TO UNDERSTAND THE NEEDS OF OTH-ERS. I PRAY FOR THE GIFT OF CHARITY. I KNOW I MUST GIVE MYSELF AND I PRAY FOR THIS GUIDANCE. THREE IS LIGHT YET TO COME AND I WELCOME THE WISDOM IT BRINGS"

၁၂။ ဖယောင်းတိုင်ကို မီးထွန်းလိုက်ပါ။ ပြီးတော့ . . . .

**အကျွန်ုပ်သည် အလင်းဓာတ်ကို စောင့်မျှော်နေပါသည်။**
**ကျွန်ုပ်၏ ခန္ဓာအတွင်း၌လည်း အလင်းဓာတ်ဖြင့် ပြည့် လျှမ်းပါစေသတည်း။**



http://cyberbooks.myanmarchat.org

လို့ ဆိုရမယ်။ အင်္ဂလိပ်လို ပြောရင်တော့ . . .

| |
|---|
| I WAIT FOR THE LIGHT. |
| THE LIGHT IS WITHIN ME. |

လို့ ရွတ်ရမှာပေါ့။

၁၃။ အရှေ့စူးစူးကို မျက်နှာလှည့်လိုက်ပါ။

| |
|---|
| **အကျွန်ုပ်သည် ဂန္ဓာရီတန်ခိုးမှ ပေးသနားသော သိဒ္ဓိတို့ကို သန့်ရှင်းစွာ ကိုယ်စားပြု ခံယူပါသည်။ ဤသို့ပြုရသောကြောင့် ကျွန်ုပ်၏ဘဝသည် ဂန္ဓာရီ တန်ခိုး၏ ကောင်းချီးပေးခြင်းနှင့် ဘဝသစ်ရခြင်းကို ဖြစ်ပါစေသတည်း။** |

လို့ ရွတ်ရမယ်။

၁၄။ စားပွဲပေါ်မှာ တင်ထားတဲ့ ခွက်သုံးခုပါတဲ့ တားရှောကတ် ပြားကို စူးစိုက်စွာကြည့်ပြီးရင် မှတ်ထားတဲ့ မျက်စိနဲ့ အာရုံပြုပြီး အောက်ကအတိုင်းကို ရွတ်ရဦးမယ်။



http://cyberbooks.myanmarchat.org

**"အကျွန်ုပ်၏ အရှုတ္တအတွင်း၌ ထွန်းလင်းတောက်ပနေသော ဂန္ဓာရီအလင်းရောင်အား ကျွန်ုပ်၏အတွေး၊ ကျွန်ုပ်၏ပြုမှု လှုပ်ရှားမှုများသည် ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေသတည်း။**

**ကျွန်ုပ်သည် ဂန္ဓာရီသမားဖြစ်ပြီဟု နားလည်ပါသည်။ ကျွန်ုပ်၏ အပြုအမူများသည် အခြားအခြားသော ညီကိုနောင်ရင်း၊ ဂန္ဓာရီသမားများအားကိုယ်စားပြုပါသည်။**

**ကျွန်ုပ်နှင့် အခြားအခြားသော ညီကိုနောင်ရင်း ဂန္ဓာရီသမားအချင်းချင်း တိတ်ဆိတ်မှုဖြင့် ဂုဏ်ပြုလျက်ရှိပါသည်။**

**ချစ်ခြင်းမေတ္တာနှင့် အလင်းဓာတ်ကို ရှာဖွေတွေ့ရှိထားသော ဂန္ဓာရီသမားအချင်းချင်းသည် မိမိတို့၏ ဂန္ဓာရီဂုဏ်သိက္ခာနှင့် ဂန္ဓာရီဥပဒေများကို ကောင်းစွာလိုက်နာကြပါသည်။**

**အကျွန်ုပ်သည် စစ်မှန်သော ဂန္ဓာရီသမားများအားလုံးအား လေးစားဂုဏ်ပြုကြောင်း သစ္စာပြုအပ်ပါသည်။"**

၁၅။ ခွက်သုံးခုပါတဲ့ တားရော့ကတ်ကို စားပွဲပေါ်ပြန်ပြီး တင်ရမယ်။



http://cyberbooks.myanmarchat.org

၁၆။ စိုက်ထူထားတဲ့ ဖယောင်းတိုင်ကို လက်ဝဲလက်နဲ့ နုတ်ယူပြီး –

> အကျွန်ုပ်သည် ဂန္ဓာရီထုံကူခြင်းကို ကောင်းစွာကူးမြောက်ပြီး ဖြစ်ပါသည်။
> ကျွန်ုပ်သည် ဂန္ဓာရီတပည့်အဖြစ်မှ ဂန္ဓာရီဆရာအဖြစ်သို့ ကူးမြောက်ပြီး ဖြစ်ပါသည်။
> ဂန္ဓာရီဓာတ်ကြီး တစ်ခုလုံးအား ကျွန်ုပ်သည် ဘုရင်မကတ်ပြားဖြင့် ကိုယ်စားပြုထားပါသည်။
> ကောင်းသော ရည်ရွက်ချက်ဖြင့် ထိုကတ်ပြားအား ဂန္ဓာရီမိခင်အဖြစ် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။
> ထို့ပြင် ထိုမိခင်ကတ်ပြားမှ ညွှန်ပြသော သင်ခန်းစာများကိုလည်း ကျွန်ုပ်ကောင်းစွာ နားလည်ပါသည်။
> ကျွန်ုပ် ပွဲတက်ခဲ့သော ဤနေ့၊ ဤရက်ရောက်သော လတိုင်း၌ ကျွန်ုပ်သည် ဤဂန္ဓာရီမိခင်ကတ်ပြား၊ ကို ကြည့်၍ ကမ္မဋ္ဌာန်း ထိုင်ပါမည်။
> ထိုကတ်ပြားမှပေးသော ဂန္ဓာရီပညာများ၊ လမ်းညွှန်မှုများကို ကောင်းစွာခံယူပါမည်။”

လို့ ရွတ်ဆိုရမယ်။ ဒီစာပိုဒ်တွေကို အင်္ဂလိပ်လိုရွတ်ဖို့ မဖော်ပြတော့ဘူး။ ဘာလို့လဲဆိုတော့ မူရင်းကျမ်းစာအုပ်မှာ ကျမ်းပြုသူဟာ ‘ဂေါ့’ဆိုတဲ့စာလုံးတွေ သုံးထား



http://cyberbooks.myanmarchat.org

တဲ့အတွက် ဘာသာရေးနဲ့ ရောထွေးသွားမှာစိုးလို့ မြန်မာဘာသာသက်သက်ကိုသာ ပြောပြလိုက်တာပါ။

အဲဒီလို ငြိစွန်းခြင်းမရှိတဲ့ စာပိုဒ်တွေကိုတော့ အင်္ဂလိပ်စာပိုဒ်အတိုင်း ကိုရွှေဝကို ပြောပြပါ့မယ်။

၁၇။ အဲဒါကတော့ ထုံကူးတဲ့ အခမ်းအနားကို အတည်ပြုဖို့ပါပဲ။

အဲဒီအခါမှာ –

| |
|---|
| **"ဂန္ဓာရီလမ်းစခန်းနှင့် ပတ်သက်သော ပုဂ္ဂိုလ်များအားလုံး ကြားသိပါစေသတည်း။** |
| **ဂန္ဓာရီစခန်းနှင့် ပတ်သက်သော လူအပေါင်းသိ၍ နတ်အပေါင်း ကြားပါစေသတည်း။** |
| **လူသိ နတ်ကြား ဖြစ်ပါစေသတည်း။"** |

လို့ ရွတ်ရမယ်။ အင်္ဂလိပ်လိုကတော့ . . .

| |
|---|
| "BE IT KNOWN TO ALL CONCERN THAT I AM NOW A JOURNEYMAN." |

လို့ ရွတ်ရမယ်။

၁၈။ ကိုင်ထားတဲ့ ဖယောင်းတိုင်ကို စားပွဲပေါ်မှာ ပြန်ပြီးထွန်းရမယ်။ ပြီးတော့ လက်ခုပ်ကိုးချက် တီးရမယ်။

တီးပုံတီးနည်းက –



http://cyberbooks.myanmarchat.org

တစ်၊ နှစ်၊ သုံး – ရပ်

တစ်၊ နှစ်၊ သုံး – ရပ်

တစ်၊ နှစ်၊ သုံး – ရပ်

၁၉။ ဖယောင်းတိုင်ကို မီးမှုတ်ပစ်လိုက်ရမယ်။ ပြီးတော့ –

**"ပြုဖွယ်ကိစ္စ အလုံးစုံ ပြီးလေပြီ။**
**အကျွန်ုပ်နှင့် အမှန်တရားနှင့် အလင်းရောင်လမ်းတို့သည် သူစိမ်းတစ်ရံဆံများ မဟုတ်တော့ပေ။**
**အကျွန်ုပ်သည် ဂန္ဓာရီလမ်းကို လျှောက်လှမ်းသမျှ ကာလပတ်လုံး ကျွန်ုပ်၏ ပတ်ပတ်လည်၌ သန့်ရှင်းသော ဂန္ဓာရီ အလင်းရောင်များ ဝန်းရံထားပါသည်။**
**ဤ သစ္စာတရားသည် ဂန္ဓာရီအသိတရားကို ဖွင့်ရန် သော့ ဖြစ်ပါစေသတည်း။"**

လို့ ရွတ်ရမယ်။ အင်္ဂလိပ်လို ရွတ်မယ်ဆိုရင်တော့ –

"IT IS DONE I AM NO LONGER A STRANGER TO THE WAY OF TRUTH AND LIGHT. AS I CONTINUE MY JOURNEY THROUGH LIFE I WILL SURROUND MY SELF WITH THE PUREST LIGHT. TRUTH WILL BE MY KEY TO WISDOM."

ဆိုရမယ်။



http://cyberbooks.myanmarchat.org

၂၀။ ရေအပြည့်ဖြည့်ထားတဲ့ ဖန်ခွက်သုံးခုအနက် ဘယ်ဘက်က ခွက်ကို စကိုင်ပြီး ဟောဒီလိုပြောရမယ်။

**"ဟောဒီ ပျော်ရွှင်မှုခွက်ထဲမှာ အပြည့်ရှိတဲ့ အတိတ်ကာလရဲ့ အသိပညာများကို ငါဟာသောက်သုံးပါတယ်။"**

ဆိုပြီး အဲဒီ ဂန္ဓာရီအသိတရားရေတွေကို သောက်ပစ်လိုက်ရမယ်။ အင်္ဂလိပ်လို ပြောချင်ရင်တော့ –

"I TAKE THIS CUP OF JOY AND DRINK THE WISDOM OF AGES PAST."

၂၁။ ပြီးတော့ ဖန်ခွက်ကို စားပွဲပေါ်ပြန်တင်ထားရမယ်။ ပြီးတော့ အလယ်က ဖန်ခွက်ကို ယူရမယ်။

**"ဟောဒီပျော်ရွှင်မှုခွက်ကို ဖြည်းဖြည်းသောက်ခြင်းဖြင့် ကျွန်ုပ်အား ဂန္ဓာရီ ပုဂ္ဂိုလ်များမှ ကောင်းချီးပေးခြင်း၏ ကျေးဇူးတရားကို အမှတ်ရသောအားဖြင့် သောက်သုံးပါသည်။"**

အဲဒီလိုဆိုပြီးတော့ ကျေးဇူးတရား ရေဖန်ခွက်ကို သောက်ရမယ်။

"I TAKE THIS CUP OF JOY AND SIP SLOWLY AS I GIVE THANKS FOR ALL MY BELSSINGS."

လို့ ရွတ်ရပါမယ်။

၂၂။ အဲဒီခွက်ကို ထားပြီးတော့ညာဘက် အစွန်ဆုံးကခွက်ကို ယူရမယ်။ ပြီးတော့ –

**"ဟောဒီ ပျော်ရွှင်မှုခွက်ကို ယူပြီး အခမ်းအနားနဲ့ တကွ သောက်ပါတယ်။ ကျွန်ုပ်ထံသို့ ဂန္ဓာရီအကျိုး တရားများရေးရှု၍ ရောက်လာကြပါလိမ့်မည်။"**

လို့ဆိုပြီး အဲဒီဖန်ခွက်ကို သောက်ချလိုက်ရမယ်။ အဲဒီဖန်ခွက်ထဲကရေဟာ ဂန္ဓာရီ နိမိတ္တရေလို့ ခေါ်တယ်။ နိမိတ်ဖတ်လိုက်တဲ့ ရေပါပဲ။ အင်္ဂလိပ်လို ရွတ်ဆိုချင်ရင်တော့

"I TAKE THIS CUP OF JOY AND DRINK IN CELEBRATION AS I LOOK BEFOR ME I RECOGNIZE THE OPPORTUNITIES THAT ARE MINE AND YET TO COME."

လို့ ဆိုရမှာပေါ့။



http://cyberbooks.myanmarchat.org

၂၃။ ပြီးတော့ အဲဒီဖန်ခွက်ကို စားပွဲပေါ်ပြန်တင်ရမယ်။ ပြီးရင် အခုလို ရွတ်ရဦးမယ်။

**"ကျွန်ုပ်၏ ဂန္ဓာရီ ထုံကူးခြင်းဟာ ပြီးပြည့်စုံသွားပါပြီ။ ကျွန်ုပ်ဟာ ဂန္ဓာရီသမား ဖြစ်သွားပါပြီ။"**

အင်္ဂလိပ်လို ရွတ်ချင်ရင်တော့ . .

"MY INITIATION IS COMPLETED. I AM NOW A JOURNEY MAN."

လို့ ရွတ်ဆိုရမယ်။

ကိုရွှေဝ ခေါ် ကိုချာချီသည် ကျွန်ုပ်ပြောပြသည့် တားရော့ကတ်ခေါ်ထုံကူးနည်းကို ဗလာစာအုပ်တစ်အုပ်နှင့် လိုက်လံရေးကူးနေပြီးနောက် –

"နေရာကျတာပေါ့ဆရာရယ်။ ကျွန်တော်တော့ ဆရာပြောတဲ့နည်းထဲက ပစ္စည်းတွေစုပြီး ကျိုက်ထီးရိုးဘုရားကို သွားမယ်။ ဘုရားဖူးရင်း တိတ်ဆိတ်အေးဆေးတဲ့ နေရာမှာ ကျွန်တော်ထုံကူးမယ်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော် ကျိုက်ထီးရိုးဘုရားမှာ ကိုးရက်နေမယ်။ ကျိုက်ထီးရိုးဘုရားနားက တိတ်ဆိတ်တဲ့ တောင်တစ်တောင်ပေါ်မှာသွားထိုင်ပြီး အဲဒါကို ဖြစ်အောင်လုပ်မယ်ဆရာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က –

"အောင်မြင်အောင် လုပ်နိုင်ပါစေဗျာ။ အဲဒီအတွက် လိုအပ်တဲ့ အကူအညီရှိရင် ကျုပ်ကိုပြောပါ ကျုပ်ကူညီမယ်"

ဟု ပြောလိုက်လျှင် ကိုရွှေဝသည် ..

"ကျေးဇူးတင်ပါတယ်ဆရာ။ နည်းလမ်းရရင်ပဲ တော်ပါပြီ။ တခြားအကူအညီဘာမှမလိုပါဘူး။ ရွှေဝတစ်ယောက်တော့ ပျော်ပွဲစားထွက်တဲ့သူဘဝကနေ ဂန္ဓာရီထွက်တဲ့သူဘဝ ရောက်ပြီမှတ်တော့ ဆရာမင်းသိခ်ရေ"

ဟု ဆိုကာ ကျွန်ုပ်အား အင်္ဂလိပ်မကျ၊ မြန်မာမကျ ကိုးရိုးကားရား ဂါရဝပြုကာ ပေါ့ပါးစွာ ထွက်သွားလေတော့သတည်း။

***



http://cyberbooks.myanmarchat.org

http://cyberbooks.myanmarchat.org

# တားရော့ဟောနည်း

အိုမိတ်ဆွေ...

သင့်လက်ထဲကို ယခုရောက်နေတဲ့ ဖဲထုပ်ကလေးက ရိုးရိုး ဖဲထုပ်ကလေးမဟုတ်ဘူး။

ဟိုး နှစ်ပေါင်း(၃၀၀၀)ကျော်လောက်ကတည်းက အခု တိုင်အောင် ဂျစ်ပစီတွေ မြတ်မြတ်နိုးနိုး အသုံးပြုခဲ့တဲ့ ဖဲထုပ်ကလေး ဖြစ်တယ်။ အဲဒီဖဲထုပ်ကလေးကို TAROT လို့ခေါ်တယ်။ မြန်မာလို အသံထွက်ကတော့ "တားရော့" ပေါ့။

"တား"ဆိုတာက "လမ်း"လို့ အဓိပ္ပါယ်ရတယ်။ "ရော့" ဆိုတာကတော့ "ရွှေးနန်းတော်"လို့ အဓိပ္ပါယ်ရတယ်။

အဲဒီတော့ "တားရော့"ဆိုတာ ရွှေနန်းတော်ကို သွားတဲ့ လမ်းလို့ အဓိပ္ပါယ်ရတာပေါ့။ အဲဒီ "တားရော့"ကို ဂျစ်ပစီတွေဟာ ဗေဒင်ဟောတဲ့ ကိစ္စတစ်ခုတည်းမှာ သုံးတာမဟုတ်ဘူး။ သူတို့ရဲ့



http://cyberbooks.myanmarchat.org

ဘ၀လမ်းညွှန်အဖြစ်လည်း အသုံးပြုတယ်။ သူတို့ရဲ့ တရားဓမ္မဟာလည်း ဒါပါပဲ။

ဒါကြောင့် "တားရော့" ဟာ ဂျစ်ပစီတွေရဲ့ ဘ၀၊ ဂျစ်ပစီတွေရဲ့ ဓမ္မလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ဂျစ်ပစီတွေရဲ့ အသည်းနှလုံးပါပဲ။

ရွှေနန်းတော်ကို သွားတဲ့လမ်းလို့ အဓိပ္ပါယ်ဖွင့်ဆိုထားတာဟာ တခြားမဟုတ်ဘူး။ ရွှေနန်းတော်ဆိုတာ လွတ်မြောက်မှုကို တင်စားထားတဲ့ စကားလုံးတစ်ခုပါပဲ။ ဒါကြောင့် "တားရော့"ဟာ ဘ၀လွတ်မြောက်မှု လမ်းစဉ်၊ အများနားလည်အောင် ပြောရရင် ထွက်ရပ်ပေါက်လမ်းစဉ်တစ်ခုလို့တောင် ဆိုနိုင်တယ်။

"တားရော့"ရဲ့နက်ရှိုင်းတဲ့အဓိပ္ပါယ်ကို အခုလို စာတိုပေစကလေးနဲ့ ပြည့်စုံအောင် မဖော်ပြနိုင်ပါဘူး။

ကျွန်ုပ်ဟာဆိုရင် နှစ်ပေါင်း (၂၀)နီးပါး "တားရော့"ကို တစိုက်မတ်မတ် လိုက်စားခဲ့ပါတယ်။ အခုထက်ထိလည်း "တားရော့" ရဲ့ နက်ရှိုင်းတဲ့ဓမ္မကို မဆုပ်ကိုင်မိသေးပါဘူး။

ဆုပ်ကိုင်မိသလောက်ဟာကတော့ ကျွန်ုပ်အဖို့ စိန်တွေ၊ ပတ္တမြားတွေထက် အဖိုးတန်တယ်လို့ ဆိုချင်ပါတယ်။ အချိန်ရမယ်ဆိုရင် တားရော့ဓမ္မ၊ တားရော့အလှအတွက် လာရောက်ဆွေးနွေးနိုင်ပါတယ်။

ကျွန်ုပ်သိထားတာကလေးကိုလည်း မိတ်ဆွေကို ပြောပြချင်ပါတယ်။ ကဲ "တားရော့" အသုံးပြုနည်း စကြရအောင်။



http://cyberbooks.myanmarchat.org

"တားရှော့"ကို အသုံးပြုဖို့အတွက် တစ်တောင်ပတ်လည် ခန့်ရှိ ကောင်းကင်ပြာရောင် ပိတ်စကလေးတစ်စ လိုပါတယ်။ ပြီး တော့ "တားရှော့"ကို ပစ်စလက်ခတ်ထားလို့ မဖြစ်ပါဘူး။ သေသပ် လှပတဲ့ ဘူးကလေးတစ်ဘူးရှာပြီး ထည့်ထားဖို့ လိုပါတယ်။

ပြီးတော့ "တားရှော့"ကို ရလျှင်ရချင်း မိတ်ဆွေအနေနဲ့ အသုံးပြုလို့ မရသေးပါဘူး။ တားရှော့ကို ဘူးကလေးနဲ့ ထည့်ပြီး ခေါင်းအုံးအောက်မှာ (၇) ရက်တိတိထားပြီး အိပ်ရပါမယ်။

ခေါင်းအုံအောက်မှာ မထားချင်လည်း ရင်ခွင်ထဲမှာ ထား ပြီး အိပ်လည်းရပါတယ်။ ဒါမှမိတ်ဆွေနဲ့ "တားရှော့"ဟာ ရင်းနှီး သွားကြမှာ မဟုတ်လား။ ခတ်ချင်းပေါင်းစပ် သွားကြမှာ မဟုတ် လား။

ပြီးတော့ "တားရှော့" ကို ဖဲသမားတွေ၊ ကုလားဖန်ထိုး သလို လက်ထဲမှာ ဖဲထုပ်ကိုခွဲကိုင်ပြီး ဖဲထုပ်လို ခါးချိုးပြီး မထိုးရ ပါဘူး။

"တားရှော့"ထုပ်ကို လက်ဝဲဘက် လက်ပေါ်မှာတင်ထား ပါ။ ပြီးတော့မှ လက်ယာဘက်လက်ခလယ်နဲ့ လက်မကို အသုံးပြု ပြီး တားရှော့ထုပ်ရဲ့ အလယ်သားက ဖဲချပ်တွေကို ဆွဲထုတ်ပြီး အပေါ် ကို ထပ်လိုက်ပါ။

ဤနည်းအတိုင်း သုံးကြိမ်ပြုလုပ်လျှင် လုံလောက်ပါပြီ။ ထို့နောက် ထို "တားရှော့" ထုပ်ကို အထက်ကဆိုခဲ့သော ကောင်း ကင်ပြာရောင် ပိတ်စပေါ်တွင် တင်လိုက်ပါ။



http://cyberbooks.myanmarchat.org

ထိုသို့တင်ပြီးသည်နှင့် တစ်ပြိုင်နက်

သင်၏စိတ်တွင် ထိုကောင်းကင်ပြာရောင်ပိတ်စကို မိုးကောင်းကင်ကြီးဟု စွဲမှတ်ယုံကြည်လိုက်ပါ။ တားရော့ဖဲချပ်များကိုမူ ကောင်းကင်မှကြယ်များ၊ နက္ခတ်များ၊ ဂြိုလ်များဟု စွဲမှတ်ယုံကြည်လိုက်ပါ။

အဲဒီတော့ မိတ်ဆွေတော်တော်ကလေး ခရီးရောက်သွားပြီ။ အခုအောက်မှာ ဖော်ပြထားတဲ့ "တားရော့" မန္တာန်ကို ရင်ထဲကနေ အသံမထွက်ဘဲ ရွတ်ဆိုလိုက်ပါ။

***



http://cyberbooks.myanmarchat.org

# တာရော့မန္တာန်

"အိုကောင်းကင်ဘုံ။

ကျွန်ုပ်အား ကောင်းချီးပေးပါလော့။

ကျွန်ုပ်၏ အတွေး၊ အကြံ၊ အလုပ်များ သန့်ရှင်းစင်ကြယ်ခြင်းကို ပေးပါလော့။

ကျွန်ုပ်အား ဦးဆောင်ပါလော့။ ကောင်းကင်ဘုံ၏ အသိဉာဏ်ကို ပေးပါလော့။

ကောင်းကင်ဘုံက ဆောင်ရွက်ပေးပါလျှင် မဖြစ်နိုင်သော 'အရာ' ဟူ၍မရှိကြောင်း ကျွန်ုပ်ကောင်းစွာ ယုံကြည်ပါသည်။ ကျွန်ုပ်၏ တစ်ကိုယ်လုံးတွင် မေတ္တာဓာတ်များ၊ ကရုဏာဓာတ်များ ဖြည့်ပေးပါလော့။

ကျွန်ုပ်နှင့် တွေ့ကြုံရသော လူအပေါင်းတို့အား ကူညီခွင့်ပေးပါလော့။



http://cyberbooks.myanmarchat.org

စစ်မှန်သော စွမ်းရည်၊ အသိဉာဏ်၊ မေတ္တာစေတ်တို့ ကျွန်ုပ်၏ ဝိညာဉ်၌ ပေးသနားပါလော့။

ကျွန်ုပ်သည် ကောင်းကင်ဘုံအား ရိုးသားစွာ ယုံကြည်ပါ သည်။ မြေပြင်ပေါ်မှ ကျွန်ုပ်နှင့် စပ်သမျှသော သူအားလုံးအား ကောင်းကင်ဘုံ၏ အကူအညီဖြင့် ကူညီနိုင်ပါစေသတည်း။

ဂုဏ်ကျေးဇူးကို အထူးအောက်မေ့ပါသည်။ ကောင်းကင် ဘုံ။ ယခုဟောပြောသမျှ မှန်ကန်၍ ဆောင်ရွက်ပေးသမျှ အောင်မြင်ရ ပါစေသတည်း။"

အဲဒါပြီးရင်တော့ သင့်ရှေ့မှာ ထိုင်နေတဲ့လူကို ဗေဒင်ဟော ဖို့ အဆင်သင့်ဖြစ်နေပြီ။ သူ့ကို ဖဲချိုးသလိုချိုးဖို့ ပြောပြပါ။ ဘယ် လက်နဲ့ ချိုးဖို့လည်း ပြောပြပါ။ အဲဒီအခါမှာ သူကချိုးလိမ့်မယ်။ ချိုးပြီးရင် ကျန်တဲ့တားရော့ပုံရဲ့ အပေါ်ဆုံးကအချပ်ကို ဆွဲယူပြီး လှန်ချလိုက်ပါ။

ပြီးတော့ ဟောဖို့ပဲ ရှိပါတော့တယ်။ ဘယ်လိုဟောမလဲ ဆိုတော့ "တားရော့"တစ်ခုချင်းရဲ့ အဓိပ္ပာယ်ကို ဖော်ပြထားပါတယ်။ အဲဒီအတိုင်း ကြည့်ပြီးတော့ ဟောရုံပါပဲ။

ဆိုကြပါစို့။

သင်ဟာ လူတစ်ယောက်နဲ့သွားတွေ့ပြီး အလုပ်လုပ်ဖို့ ရှိ တယ်။ မသွားခင်မှာ အဲဒီကိစ္စအောင်မြင်မယ်ဆိုတာကို သိချင်တယ် ဆိုပါတော့။ အဲဒီတော့လည်း လွယ်ပါတယ်။ စောစောကအတိုင်း မန္တာန်တွေ ဘာတွေရွတ်ပြီး ကောင်းကင်ပြာပိတ်စပေါ်မှာ ချလိုက်ပါ။



http://cyberbooks.myanmarchat.org

ပြီးတော့ သင်ကိုယ်တိုင်ပဲ "တားရှော့"ကိုဖဲချိုးသလို ချိုးလိုက်ပေါ့။

ပြီးတော့ တစ်ရွက်လှန်လိုက်ပါ။ တကယ်လို့ အဲဒီဖဲချပ်ဟာ အမှတ်(၁၇)ရုပ်ကြယ်ဆိုတဲ့ ဖဲချပ်ဖြစ်နေတယ်ဆိုပါစို့။ အဖြေမှာ ရှာကြည့်လိုက်ပါ။ ရုပ်ကြယ်ရဲ့ အဖြေ(၁၄)ချက်အောက်မှာ "လတ်တလောကိစ္စအတွက် မေးမြန်းပါမူ" လို့ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရေးထားတဲ့စာကို ဖတ်ကြည့်လိုက်ပါ။

"ထိုကိစ္စအောင်မြင်နိုင်ပါသည်။

ထင်ထင်ရှားရှားကို အောင်မြင်ပါလိမ့်မည်။"

လို့ ရေးထားတဲ့စာကို တွေ့ရပါလိမ့်မယ်။

အဲဒါကိုတော့ ထပ်ပြီးရှင်းပြဖို့ လိုမယ်မထင်တော့ပါဘူး မိတ်ဆွေ။

"တားရှော့"ဖဲထုပ်ဟာ နှစ်မျိုးရှိပါတယ်။ "မေဂျာ"ထုပ်နဲ့ "မိုင်နာ"ထုပ်ရယ်လို့ ရှိပါတယ်။ အခုသင့်လက်ထဲမှာ ရောက်နေတာဟာ "မေဂျာ"တားရှော့ ဖြစ်ပါတယ်။

ဂျစ်ပစီတွေ ကိုယ်တိုင်လည်း အရေးကြီးတဲ့အခါမှာ မေဂျာတားရှော့နဲ့ ဟောလေ့ရှိပါတယ်။

တားရှော့ဟောနည်းတွေ အမျိုးမျိုးရှိပါတယ်။ သင်ယူလို့ လေ့လာလို့ မဆုံးနိုင်အောင်ကို များပြားပါတယ်။ ဒါပေမယ့် အခုပြလိုက်တဲ့ နည်းကလေးကတော့ အလွယ်ဆုံးနဲ့ အမှန်ဆုံးနည်းကလေးပါပဲ။

အဲဒီနည်းကလေးကို အသုံးပြုပြီး ဟောရင်းနဲ့ပဲ သင်နဲ့



http://cyberbooks.myanmarchat.org

တားရော့ဟာ တစ်ပေါင်းတစ်စည်းတည်း ဖြစ်သွားပါလိမ့်မယ်။

အဲဒီအခါကျရင်တော့ သင်ဟောတဲ့ဟောချက်တွေဟာ ကြောက်ခမန်းလိလိ မှန်ကန်နေတာကို သင်ကိုယ်တိုင် တွေ့လာပါလိမ့်မယ်။

တားရော့ကို အရင်က ကျွန်ပ်တစ်ယောက်တည်း ကျိတ်ပြီး သုံးနေတာပါ။ နောက်တော့ ဇက်သအဖွဲ့က ကျွန်ပ်ရဲ့ တပည့်တွေကို ဝေငှပေးပြီး ကျွန်ပ်တို့ ဇက်သဆရာအုပ်စုလောက်သာ တိုးတိုးတိတ်တိတ် ကျိတ်ပြီး သုံးလာခဲ့တာပါ။

ကျွန်ပ်ရော ကျွန်ပ်ရဲ့ ဇက်သဆရာတွေရောဟာ တားရော့ရဲ့ အရသာကို ကောင်းကောင်းသိခဲ့ကြပါပြီ။ တားရော့ရဲ့ ဓမ္မကိုလည်း အတော်အတန်လေး ရရှိခဲ့ပါပြီ။

အခုမှာတော့ ဝါသနာပါသူ အများသူငါ သုံးနိုင်အောင်ဆိုပြီး ဖြန့်လိုက်တဲ့သဘောပါ။ အဲဒီစေတနာကို နားလည်ရင် ကျွန်ပ်ထံ လာခဲ့ပါ။

တားရော့ရဲ့ နက်ရှိုင်းတဲ့ အဓိပ္ပာယ်တွေ၊ တားရော့ရဲ့ ဓမ္မတွေ၊ တားရော့ကျင့်စဉ်တွေ၊ တားရော့ကို လိုက်စားခဲ့ရတဲ့ ကြမ်းတမ်းတဲ့ ဂန္ဓာရီဘဝတွေကို အိတ်သွန်ဖာမှောက် ပြောပြချင်ပါတယ်။

**နက်ရှိုင်းသော ဂန္ဓာရီအတိတ်များ ရရှိကြပါစေလို့လည်း ဆုတောင်းလိုက်ပါတယ်။**

**ထာဝ်ရိုးဇွေ့ဓာမေ**

http://cyberbooks.myanmarchat.org

# ကျွန့်ပ်နှင့်တားရော့

တစ်နေ့သ၌ ကျွန့်ပ်သည် မြေနီကုန်းဘက်တွင်ရှိသော စာအုပ်ဟောင်းများရောင်းသည့်ဆိုင်မှ စာအုပ်အဟောင်းကလေးတစ်အုပ်ကို ဈေးပေါပေါနှင့်ဝယ်ယူရရှိခဲ့လေ၏။ ထိုစာအုပ်မှာ အင်္ဂလိပ်လိုရေးထားသော 'ပြီဒေးရှင်း' **(Prediction)** ဆိုသည့် 'အင်္ဂလိပ်ဝေဒမင်္ဂဇင်း' ပင်ဖြစ်၏။

ကျွန့်ပ်သည် ညပိုင်းသို့ရောက်သောအခါ၌ ထိုစာအုပ်ကိုဖတ်ရှုလေ့လာရာ 'မယ်ဒယ်လိုင်း မွန်တယ်ဗန်' **(Madeline Montalban)** ဆိုသည့် ဂမ္ဘီရဆောင်းပါးရှင်တစ်ဦးရေးထားသော 'တားရော့' အကြောင်း ဆောင်းပါးကို ဖတ်ရှုခဲ့ရလေ၏။

ထိုဆောင်းပါးတွင် တားရော့၏အရှိန်းအစော်ကြီးပုံကို တခမ်းတနားရေးထား၏။ ထားရော့ ပုံလေးတစ်ပုံကိုလည်း ဖော်ပြထား၏။ ထို့ကြောင့် ကျွန့်ပ်သည် နောက်တစ်နေ့တွင် မြေနီကုန်းရှိ



http://cyberbooks.myanmarchat.org

စာအုပ်အဟောင်းရောင်းသောဆိုင်ကလေးသို့ သွားရောက်ကာ အင်္ဂလိပ် ဝေဒမဂ္ဂဇင်း 'ပြီဒေးရှင်း' စာအုပ်များကို ရတတ်သမျှ ဝယ်ယူခဲ့လေ၏။ ထို့နောက် အထက်ကဆိုခဲ့သော 'မယ်တယ်လိုင်း မွန်ဒယ်ဗန်'၏ ဆောင်းပါးများကို လက်ရေးဖြင့်ကူးယူခဲ့လေ၏။

ထိုဆောင်းပါးရှင်သည် ဆောင်းပါးတစ်ပုဒ်တိုင်းတွင် တားရော့ပုံလေးတစ်ပုံကို ဖော်ပြရေးသားလေ့ရှိ၏။ ထို့ကြောင့် ဆောင်းပါး (၂၂)ပုဒ်ရသောအခါ၌ တားရော့(၂၂)ချပ်ရလေတော့၏။ ထိုအချိန်က 'ဖိုတိုစတက်'ခေါ် မိတ္တူကူးစက် မပေါ်သေးသောကြောင့် ထိုစာအုပ်တွင်ပါသော ပုံများကို ဘလိတ်ဓားဖြင့် လှီးယူပြီးလျှင် ရိုးရိုးဖဲထုပ် တစ်ထုပ်ကိုဝယ်၍ ထိုပုံများကို ကပ်ရလေ၏။

ကျွန်ုပ်သည် ထို'မယ်ဒယ်လိုင်း မွန်တယ်ဗန်'၏ ကောင်းမှုကြောင့် တားရော့(၂၂)ချပ်ကို စတင်ပိုင်ဆိုင်ခဲ့လေ၏။ ထို(၂၂)ချပ်မှာ တားရော့ပညာ၌ 'မေဂျာ အာကင်နာ' **(Major Arcanna)** ဟုခေါ်သည့် အဓိကပုံကားများဖြစ်၏။

ကျွန်ုပ်သည် မဂ္ဂဇင်းမှပုံများကို ဖြတ်ယူ၍ရိုးရိုးဖဲထုပ်၏ မျက်နှာပြင်တွင် ဖဲပွင့်များကို အုပ်၍ကပ်ကာ အသုံးပြုခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်၏ တားရော့ဖဲထုပ်ကလေးမှာ သပ်ရပ်ခြင်းမရှိပါ။ ခနော်ခနဲ့ ကျိုးတိုးကျဲတဲနိုင်လှ၏။ သို့ရာတွင် ကျွန်ုပ်သည် ထို ခနော်ခနဲ့ ကျိုးတိုးကျဲတဲနိုင်လှသော တားရော့ကတ်ပြားကလေးများကို လွန်စွာချစ်၏။ လွန်စွာမှလည်း မြတ်နိုး၏။ မည်မျှချစ်၍ မည်မျှမြတ်နိုးသနည်းဆိုမူ ကျွန်ုပ်ယူထားသော မိန်းမထက်ပင် ပို၍ချစ်၏။ ပို၍



http://cyberbooks.myanmarchat.org

မြတ်နိုး၏ ဟုဆိုလျှင် ဖြစ်နိုင်၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည်ယူထားသော မိန်းမနှင့် အတူအိပ်ရသောရက်သည် လွန်စွာနည်း၏။ စကားရိုင်းကို ဆိုရပါမူ ထိုမိန်းမကို(၃၆၅)ရက်တွင် နှစ်ကြိမ်ထက်ပို၍ မနမ်းဖူးပေ။ သို့ရာတွင် ကျွန်ုပ်၏ ကျိုးတိုးကျဲတဲနိုင်လှသော တားရော့ကတ်ကလေးကိုမူ ညတစ်ခါ၊ နံနက်တစ်ခါ နေ့တိုင်းနမ်း၏။

ကျွန်ုပ်သည် တားရော့ကိုချစ်၏။ ထို့ကြောင့် တားရော့ကလည်း ကျွန်ုပ်ကို ပြန်၍ချစ်လာ၏။ ကျွန်ုပ်သည် တားရော့ကို မြတ်နိုး၏။ ထို့ကြောင့် တားရော့ကလည်း ကျွန်ုပ်ကို ပြန်၍မြတ်နိုးလာလေတော့သတည်း။

***



http://cyberbooks.myanmarchat.org

http://cyberbooks.myanmarchat.org

# တားရော့က အစွမ်းပြပြီ

တစ်နေ့တွင် ကျွန်ုပ်သည် အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်းရှိ ကျွန်ုပ်၏ မိဘများနေအိမ်တွင် ဗေဒင်ဟောပြောနေ၏။ ဗေဒင်ကြည့်ရန်အတွက် ပရိသတ်များလည်း ရောက်ရှိနေကြပြီ ဖြစ်၏။ ထိုအချိန်၌ အိမ်ရှေ့တွင် မော်တော်ကား တစ်စီးရပ်လာပြီးလျှင် ထိုကားပေါ်မှ မိန်းမတစ်ယောက်သည် ကျွန်ုပ်ထံသို့ အူယားဖားယား ပြေးလာ၏။ အခြားသူများကိုလည်း...

"အရေးကြီးလို့ပါရှင်၊ ကျွန်မက တစ်ခွန်တည်းမေးမှာပါ။
ကျွန်မကို ဝင်ခွင့်ပြုပါ"

ဟု တောင်းပန်ရင်း ကျွန်ုပ်၏ ဗေဒင်ဟောခန်းအတွင်းသို့ ဝင်လာ၏။

ကျွန်ုပ်သည် ထိုမိန်းမကို ကောင်းစွာသိ၏။ သူသည်ကျွန်ုပ်၏ ဗေဒင်မေးဖောက်သည်လည်း ဖြစ်၏။ သူ၏အမည်မှာ မအုန်းရင် ဖြစ်၏။ သူသည် ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ နိဗ္ဗာန်ကုန်သည် ဖြစ်၏။



http://cyberbooks.myanmarchat.org

ကျွန်ုပ်သည် သူ၏မျက်နှာကိုလှမ်း၍ ကြည့်လိုက်၏။ သူ၏ မျက်လုံးကြီးများသည် နီမြန်း၍ မို့မောက်နေ၏။

"ဘယ်လိုဖြစ်တာလဲ ဒေါ်အုန်းရင်၊ တစ်ညလုံး ငိုထားရတယ်နဲ့ တူတယ်။ မျက်လုံးတွေကလည်း အစ်လို့ပါလား" ဟု ကျွန်ုပ်က ပြောလိုက်ရာ မအုန်းရင်က..

"အမှန်ပါပဲ ဆရာရယ်။ ကျွန်မသားလေး မနေ့ကတည်းက ကျောင်းကိုသွားတာ အိမ်ပြန်မလာဘူး။ တစ်ညလုံး ကျွန်မတို့လည်း လိုက်ပြီး ရှာတာပဲ။ ရဲစခန်းကိုလည်း တိုင်ထားပါတယ်။ အဲဒါကြောင့် ဆရာ့ဆီ ပြေးလာတာပဲ။ ကျွန်မ အတိအကျ သိချင်တယ်။ သေသလား၊ ရှင်သလား၊ ရှင်ရင်လည်း ဘယ်မှာရောက်နေတယ်ဆိုတာ သိပ်ပြီး သိချင်တယ်" ဟု ပြောလေ၏။

ကျွန်ုပ်သည် ကျွန်ုပ်ပြုလုပ်ထားသော တားရော့ဖဲထုပ်ကလေးကို ယူလိုက်လေ၏။ ထို့နောက် မအုန်းရင်အား ..

"ကဲ . . . ဒေါ်အုန်းရင်ရေ၊ အဖော်ပါရင် ခေါ်လိုက်ပါ"

ဟုဆိုသဖြင့် ဒေါ်အုန်းရင်လည်း ကားပေါ်တွင်ပါသော မိန်းမဖော်တစ်ဦးကို လှမ်း၍ခေါ်လိုက်လေ၏။ ထိုမိန်းမဖော်လည်း မအုန်းရင်နောက်တွင် ကပ်၍ထိုင်လိုက်လေ၏။ ထိုအခါ၌ ကျွန်ုပ်က မအုန်းရင်အား..

"ဟောဒီဖဲထုပ်ကလေးကို ဘယ်ဘက်လက်နဲ့ ဖဲချိုးသလို တစ်ဝက်လောက်မှန်းပြီး ဘေးကိုဖယ်လိုက်"

ထာဝရိုးစွေစာပေ
http://cyberbooks.myanmarchat.org

ဟု ပြောလိုက်၏။

မအုန်းရင်လည်း ကျွန်ုပ်ပြောလိုက်သလို လုပ်လေ၏။ ကျွန်ုပ်သည် ကျန်သောအပုံ၏ အပေါ်ဆုံးတစ်ချပ်ကို ယူ၍ကြည့်လိုက်၏။ ထိုတားရှော့မှာ နံပါတ်(၁၃)။ **Death** 'သေမင်း' ဟုခေါ်သည့် ကတ်ပြားဖြစ်နေ၏။

ကျွန်ုပ်သည် တားရှော့ထုပ်ကိုယူ၍ ကတ်ပြားများကို သုံးကြိမ်သုံးခါ ရောပစ်လိုက်၏။ ထို့နောက် ..

"ဒေါ်အုန်းရင်ရေ ထပ်ပြီးချိုး လိုက်ဦး"

ဟု ပြောလိုက်သဖြင့် မအုန်းရင်လည်း တားရှော့ဖဲထုပ်ကို တစ်ကြိမ်ထပ်၍ ချိုးလိုက်ပြန်၏။ ကျွန်ုပ်ကလည်း ဖဲချပ်တစ်ချပ်ကို ယူ၍ကြည့်ပြန်၏။ ထိုဖဲချပ်မှာ –

နံပါတ်(၁၂) 'လူတစ်ယောက် တွဲလောင်းဇောက်ထိုး' ဖြစ်နေသောပုံဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်က..

"ဒီမှာဒေါ်အုန်းရင်၊ ခင်ဗျားသားလေး ရေထဲမှာ ဇောက်ထိုး
ကျပြီး သေသွားရှာပြီ"

ဟု ပြောလိုက်လျှင် မအုန်းရင်သည်

"အမလေးတော့"

ဟု အော်ကာ နောက်သို့လန်ကျပြီး သတိလစ်သွားလေတော့သည်။

အိမ်ပေါ်ရှိလူများလည်း ရုတ်ရုတ်သဲသဲဖြစ်သွား၏။ ကျွန်ုပ်



http://cyberbooks.myanmarchat.org

၏ မိခင်ကြီးသည် ပြေးထွက်လာပြီးလျှင် မအန်းရင်အား နှာနပ်ပေးလေ၏။ ကျွန်ုပ်ကိုလည်း "ဒီလိုဟောရသလား" ဟုကြိမ်းမောင်းလေ၏။ မအုန်းရင်အား ပွေ့၍ ကားပေါ်သို့ တင်ပေးလိုက်ရလေ၏။ ဗေဒင်ကြည့်ရန် ရောက်နေသောလူများလည်း အထိတ်တလန့်ဖြစ်ကုန်ကြ၏။ ထိုအထဲမှ လူငယ်တစ်ဦးက

"ဆရာဟောတာ ဟိုမိန်းမတော့ ပက်လက်ကြီးလန်ပြီး သတိလစ်သွားတယ်။ ဟောစရာရှိရင် အဲဒီလို အပြတ်ဟောမှ ကောင်းတာ"

ဟု ချီးမွမ်းလေ၏။

မိန်းမကြီးတစ်ဦးကမူ..

"ဆရာက ပညာတော့ထက်ပါတယ်။ ဒါပေမယ့် ဒီလိုတဲ့တိုးကြီးဟောတာတော့ ဘယ်ကောင်းမလဲ။ နှလုံးရောဂါရှိရင် သေသွားနိုင်တယ်။ ပညာစွမ်းကို ချွန်းကဲ့သို့ အုပ်ဆိုတဲ့စကားကို ဆရာက မသိရှာဘဲကိုး။ အဲဒီတော့ ချွန်းဖွင့်ပြီး ဟောလိုက်တော့ ဟိုခများမှာ သတိလစ်သွားရှာတာပေါ့။ သေသွားရင်တော့ ဒီကိစ္စ ဟာ တရားစွဲလို့ ရတယ်"

ဟု ပြောလေ၏။

ကျွန်ုပ်လည်း နာရီဝက်ခန့်ကြာသည်အထိ ဆက်ပြီးအလုပ်မလုပ်နိုင်ဘဲ နားနေရလေ၏။ ထိုအချိန်၌ မအုန်းရင်စီးလာသော ကားသည် အိမ်ရှေ့သို့ရောက်လာပြန်၏။ ကားပေါ်မှ လူတစ်ယောက်ဆင်းလာ၏။ ထိုလူမှာ မအုန်းရင်၏ မတ်ဖြစ်၏။ ထိုထူက အောက်မှနေ၍

"ဆရာရေ၊ အပေါ်တော့ မတက်တော့ဘူး။ သတင်းလာပြီး ပြောတာ။ ဆရာပြောတဲ့အတိုင်းပဲ ကလေးအလောင်းကို အင်းလျားကန်ထဲက ရတယ်။ ဝါးပင်နဲ့ခေါင်းနဲ့ညပ်ပြီး ဖောက်ထိုးကြီးရေနစ်သေနေတာ"

ဟု ပြောလိုက်လျှင် ကြားရသူအပေါင်းသည် 'ဟင်ခနဲ၊ ဟယ်ခနဲ' ဖြစ်ကုန်ကြ၏။

ထိုသူ ပြန်သွားသောအခါ၌ ကျွန်ုပ်သည် ကျန်လူများကို ဗေဒင် ဆက်၍ဟောပေး၏။ ကျန်လူများသည် ကျွန်ုပ်အား..

"ဆရာ ခါတိုင်းလိုပဲ ရိုးရိုးဟောပါ ဆရာရယ်။ အဲဒီ ကတ် ပြားလေးတွေနဲ့ မလုပ်ပါနဲ့။ ကြောက်ဖို့ အလွန်ကောင်း တာပဲ"

ဟု ပြောကြလေ၏။

ကျွန်ုပ်မှာမူကား ရင်ထဲမှထွက်လာသော စကားတစ်ခွန်းကို ရေရွတ်မိလေတော့သတည်း။

"ငါ့ရဲ့ တားရှော့က အစွမ်းပြပြီ"

***



http://cyberbooks.myanmarchat.org

http://cyberbooks.myanmarchat.org

# တားရှေ့အစစ်တစ်ထုပ် ရောက်လာခြင်း

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ လန်ဒန်မြို့မှ တားရှေ့အထုပ်လေးတစ်ထုပ်ရောက်လာ၏။ ပေးပို့သူမှာ ရုပ်ရှင်မင်းသမီး ဝါဝါဝင်းရွှေ ဖြစ်၏။ ဝါဝါဝင်းရွှေသည် လန်ဒန်မြို့သို့ အလည်အပတ်ရောက်ရှိနေစဉ် ကျွန်ုပ်ကို အမှတ်တရဝယ်၍ ပို့လိုက်ခြင်းဖြစ်၏။ ၎င်းပို့လိုက်သောတားရှေ့မှာ 'မစ်သစ်' **(Mythic)** အမျိုးအစားဖြစ်၏။ ရေးထားသောပုံများမှာ လွန်စွာဒဏ္ဍာရီဆန်၏။ ထိုတားရှေ့ထုပ် အစစ်လေးကို ရရှိသဖြင့် ကျွန်ုပ်သည် လွန်စွာဝမ်းသာသွား၏။ ဝမ်းသာသော အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တစ်ပတ် ဆိုက်ကားလျှောက်၍ စီး၏။ တွေ့သောလက်ဖက်ရည်ဆိုင်များတွင် ဝင်၍ ဆိုက်ကားဆရာရော ကျွန်ုပ်ပါ လက်ဖက်ရည်သောက်၏။ ညနေအိမ်သို့ပြန်ရောက်သောအခါ၌ ဆိုက်ကားဖိုးရော လက်ဖက်ရည်ဖိုးပါ လေးရာကျော်ခန့်



http://cyberbooks.myanmarchat.org

ကုန်၏။ ဆိုက်ကားဆရာသည် ဖျားသွား၏။ ထို့ကြောင့် သုံးရက်ခန့် ဆိုက်ကားမနင်းရဘဲ ရှိ၏။ ကျွန်ုပ်မှာမူ နေပူထဲလျှောက်၍ ဆိုက်ကား စီးရသောကြောင့် သုံးရက်ခန့် နာမှန်၏။ ထို့ကြောင့် ဗေဒင်မဟော နိုင်ဘဲ သုံးရက်ခန့် နားထားရ၏။

ကျွန်ုပ်သည် ဝါဝါဝင်းရွှေပေးလိုက်သော ဖဲထုပ်ကလေးကို လေ့ကျင့်ရပြန်၏။ မွေးမြူရပြန်လေ၏။ ထိုတားရော့ထုပ်မှာ အပြည့် အစုံပါသောကြောင့်'မေဂျာ အာကင်နာ' ၂၂ချပ်နှင့် 'မိုင်နာ အာကင်နာ' ၅၆ချပ်ပါ၏။ 'မိုင်နာ အာကင်နာ' ၅၆ချပ်တွင် အုပ်စုလေးစုခွဲထား ၏။ တုတ်အုပ်စု၊ ခွက်အုပ်စု၊ ဓားအုပ်စုနှင့် ကြယ်အုပ်စုဖြစ်၏။ ထို အုပ်စုများမှာလည်း သူ့အစီအစဉ်နှင့်သူ အလုပ်လုပ်ရသောကြောင့် သူ့အစီအစဉ်များကို မှတ်ထားရ၏။ မကြာခဏ ခွက်ကို အရင်ဆို မိ တတ်၏။ ခွက်၊တုတ်၊ကြယ်၊ဓား ဟူ၍ဖြစ်သွားတတ်၏။ အမှန် မှာ တုတ်၊ ခွက်၊ ဓား၊ ကြယ် ဖြစ်ရမည်ဖြစ်၏။

ထို့ကြောင့် မှားယွင်းခြင်းမရှိစေရန် စာလုံး လေးလုံးဖြင့် မှတ်ထားရ၏။ ထိုစာလုံးလေးလုံးမှာ 'ဟုတ်ရဲ့လားကွယ်၊ တုတ်၊ ခွက်၊ ဓား၊ ကြယ်' ဟူ၍ဖြစ်၏။ ထို့ကြောင့် မည်သည့်အခါကျမှ မမှားတော့ပေ။ ကျွန်ုပ်သည် မိုင်နာကားချပ်များကို သူ့အဓိပ္ပာယ်နှင့်သူ အလွတ်ရအောင် ကြိုးစားရပြန်၏။ ထို့ကြောင့် အလုပ်ပြီးသည်နှင့် တားရော့ ဖဲချပ်ကလေးကိုယူ၍ ကန်တော်ကြီးစောင်း ပန်းကန်လုံးကျွန်း သစ်ပင်အောက်တွင် တစ်ယောက်တည်း လေ့ကျင့်ရပြန်လေ၏။ ထို့ ကြောင့် မိုင်နာကတ်ပြား ၅၆ချပ်ကိုလည်း ကျွမ်းကျင်သွားလေတော့၏။



http://cyberbooks.myanmarchat.org

ထိုသို့ ကျွမ်းကျင်သွားသောအခါ၌ ကျွန်ုပ်သည် တားရော့ကတ်ပြားများကို ကိုင်၍ မိုးပေါ်သို့မြှောက်ကာ အောက်ပါအတိုင်း ရေရွတ်လေတော့သတည်း။

“တားရော့တွေကို ငါပိုင်သွားပြီ။ တားရော့တွေဟာ ငါ့ပစ္စည်းဖြစ်တယ်”

***



http://cyberbooks.myanmarchat.org

ဆရာဇင်းသိန်း၏ ကံကြမ္မာဖတ် သင်္ကေတကတ်ပြားများ







[illegible]

http://cyberbooks.myanmarchat.org

# တားရော့ မန္တန်

ကျွန်ုပ်သည် တားရော့ပညာကို လေ့လာနေစဉ်၌ပင် မေရီလင်း ဆိုသော အမေရိကန်သူတစ်ဦးရေးသည့် တားရော့နှင့်ပတ်သက်သော ကျမ်းစာအုပ်တစ်အုပ်ကို ရရှိလေ၏။ ထိုစာအုပ်တွင် တားရော့များကို နှိုးသော မန္တန်များကို ဖော်ပြထား၏။ ကျွန်ုပ်သည် မန္တန်အားလုံး ကို မြန်မာလိုပြန်၍ မပြုလုပ်နိုင်သော်လည်း မေဂျာ ၂၂ချပ်၏ မန္တန် ကိုမူ မြန်မာလို ပြန်၍ ပြုလုပ်ထားပြီးလျှင် တားရော့များကို တစ်ချပ် ချင်း နှိုးလေတော့၏။

တားရော့ပညာကို စိတ်ဝင်စားသောသူများအတွက် တား ရော့နှိုးနည်း မန္တန် ၂၃ပုဒ်ကိုလည်း အပြည့်အစုံဖော်ပြလိုက်ပါသည်။

မေဂျာ ၂၂ချပ်အတွက် မန္တန် ၂၂ခုဖြစ်ပြီး တားရော့ထုပ် တစ်ခုလုံးအတွက် ရွတ်ဆိုရသော 'ဂါထာတော်' မန္တန်ခေါ် ရှေးဦးစွာ ရွတ်အပ်သော မန္တန်တစ်ပုဒ်ကိုပါ ထည့်သွင်းလျှင် မန္တန် ၂၃ပုဒ် ဖြစ်၏။ အချို့မန္တန်များတွင် အင်္ဂလိပ်စာလုံး 'အာမင်' ဟု အဆုံး



http://cyberbooks.myanmarchat.org

သတ်ထား၏။ သို့ရာတွင် ကျွန်ုပ်သည် 'အာမင်' ကို မသုံးလိုသော ကြောင့် 'အာမဘန္တေ' ဟုထည့်ထား၏။ အကယ်၍ ထိုစာလုံးကို မနှစ်သက်ပါက ဖြုတ်၍လည်း ရွတ်ဆိုနိုင်ပါ၏။ ထို့ထက် သဘာဝ ကျ၍ကောင်းသော စာလုံးရှိပါကလည်း မိမိဘာသာ ထည့်သွင်း၍ ရွတ်ဆိုနိုင်၏။

ကျွန်ုပ်အကြံပေးလိုသည်မှာ တားရော့ကို ဦးခေါင်းဖြင့် မလိုက်စားဘဲ နှလုံးသားဖြင့် လိုက်စားစေလိုပါသည်။

အဘယ်ကြောင့်ဆိုသော် တားရော့သည် ဦးခေါင်းမှလာ သောပညာမဟုတ်။ နှလုံးသားမှလာသော ပညာသာဖြစ်၏။ ကျွန်ုပ် သည် အစပထမ၌ ဦးခေါင်းဖြင့်လိုက်စား၏။ ထိရောက်ခြင်းမရှိသော အခါ၌ နှလုံးသားဖြင့် လိုက်စားခဲ့၏။ ထိုအခါကျမှပင် ထိထိရောက် ရောက် ဖြစ်လာတော့၏။

အစပထမတွင် ကျွန်ုပ်သည် တားရော့ကို 'ငါပိုင်ပြီ' ဟု ကြွေးကြော်ခဲ့၏။ သို့မဟုတ် တားရော့သည် 'ငါ၏ပစ္စည်းဖြစ်ပြီ' ဟု ကြွေးကြော်ခဲ့၏။ နှလုံးသားနှင့်လိုက်စားလာသောအခါ၌ ထိုကြွေး ကြော်သံသည် လွန်စွာနိမ့်ကြောင်း သဘောပေါက်ခဲ့ရ၏။

ထိုကြွေးကြော်သံကိုကြည့်လျှင် တားရော့သည် ကျွန်ုပ်၏ ပစ္စည်းဖြစ်ရုံမျှ ဖြစ်၏။ တားရော့နှင့် ကျွန်ုပ်သည် တစ်ပေါင်းတစ် စည်းတည်းမဖြစ်။ ပစ္စည်းဆိုလျှင် ပျောက်ဆုံးသွားနိုင်၏။ အမှန်ဖြစ် ရမည်မှာ တားရော့နှင့် ကျွန်ုပ်သည် တစ်သားတည်း၊ တစ်ပေါင်းတည်း၊ တစ်ထပ်တည်း ဖြစ်နေရမည်ဖြစ်၏။ ဤသို့ဖြစ်မနေသေးလျှင်



http://cyberbooks.myanmarchat.org

တားရော့သည် ကျွန်ုပ်၏ပစ္စည်းမျှသာ ဖြစ်နေသေး၏။ ကျွန်ုပ်မဟုတ်သေးပေ။ နောင်အခါတွင် ကျွန်ုပ်သည် အောက်ပါအတိုင်း ကြွေးကြော်ခဲ့၏။

“ငါဟာ တားရော့ဖြစ်တယ်။ တားရော့ဟာ ငါဖြစ်တယ်”

တားရော့တွင်ပါသော ‘မှော်ဆရာ’သည် ကျွန်ုပ်ပင်ဖြစ်၏။ တားရော့တွင်ပါသော ‘ဘုရင်’ သည်လည်း ကျွန်ုပ်ပင်ဖြစ်၏။ တားရော့တွင်ပါသော ‘ဘုန်းကြီး’ သည်လည်း ကျွန်ုပ်ပင်ဖြစ်၏။ တားရော့တွင်ပါသော ‘ရသေ့’ သည်လည်း ကျွန်ုပ်ပင်ဖြစ်၏။

ထို့အတူ . . .

တားရော့တွင်ပါသော ‘အရူး’ သည်လည်း ကျွန်ုပ်ပင်မဟုတ်ပါလား။

***



http://cyberbooks.myanmarchat.org

# I
# THE MAGICIAN
## မျော်ဆရာ

ကောင်းကင်ဘုံမှပေးသော စွမ်းရည်၊ သင်ကိုယ်တိုင်၏ စွမ်းရည်တို့၏ အကျိုးဖြစ်ထွန်းမှုကို အစဉ်သတိရပါ။ အဘယ်ကြောင့်ဆိုသော် သင်၏ ကံအလျောက် ဖြစ်သော အရာများဖြစ်သည်။ ကောင်းကင်ဘုံ၏ အသိပညာကို လက်မခံသူသည် လူမဟုတ်။ ဝက်သစ်ချပင်သာ ဖြစ်သည်။

တားရော့၏ အသိဉာဏ်တရားမှ တစ်ဆင့် ကျွန်ုပ်တို့သည် အသိတရားမကြွယ်ဝသော မျိုးစေ့များနှင့် စစ်ဆင်ရပေလိမ့်မည်။ 'ခွက်' ကို 'ချစ်ခြင်းမေတ္တာ' အဖြစ် လေ့လာရန်မှာ အလွန်လွယ်ကူပါသည်။ သို့ရာတွင် တားရော့ဆရာသည် မေတ္တာတရား၏ မျိုးစေ့ကတ်ပြားကို နားလည်သည့်အလျောက် 'မောင်းချအား' ကိုလည်း 'ချစ်ခြင်းမေတ္တာ၏အစ' ဟု ယူဆပေလိမ့်မည်။ လူသည် မိမိကိုယ်ကိုယ် မိမိသိရန်ဖြစ်သည်။ လူသည် မိမိ၏ လိုအင်ဆန္ဒများကို 'ဘဝစားပွဲခုံ' အပေါ်၌ ဖြန့်ကားလျက် အကျအနသိရမည်။ ထိုမှမှုမက အားလုံးဖြစ်နိုင်သောအရာများဟု ယုံကြည်ရမည်။ ဘုရားသခင်ထံ တောင်းရမည်။ ဘုရားသခင်ထံသို့ သွားသောလမ်းကို ဖောက်ထွင်းရမည်။

**အရိပ်။** ။ *အနုညာဆုံး ဟာသိနာရ်ိ (မိမိလိုအင်ဆန္ဒများကို ကြည်လင်ပြတ်သားစေအောင် ပြုပြင်ရမည်။ မိမိသည် ဘုရားသခင်၏ ကိုယ်ပိုင်ပသန့်စင်သော စိတ်ဓာတ်ဖြစ်ကြောင်း နားလည်လာသည်အထိ လုပ်ပါ။*

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# II

# THE HIGH PRIESTESS

## သိုလ်ရှင်

ကိုယ်တိုင်လုပ်သော ဒုက္ခများကို ကိုယ်တိုင်သိသည် အထိထိုင်ရမည်။ ဤလုပသော ကတ်ပြားမှတစ်ဆင့် ရိုး သားသော သမ္မာသမာဓိရသည်အထိ လုပ်ရမည်။ ဤအခြေ အနေသို့ ရောက်က သင်သည် စိတ်တည်ငြိမ်မှုကိုရပြီ။ သင် ၏မူလစိတ်ကို တွေ့ပြီ။ ထိုစိတ်သည် သင်၏ပန်းတိုင်ကို ညွှန်ပြလိမ့်မည်။ ထူးဆန်းစွာ ဖုံးကွယ်နေသော ဝိညာဉ် ကလေးတစ်ခုသည် မျက်နှာပြင်ပေါ်သို့ ပေါ်ထွက်လာပြီး ကံကြမ္မာကို ဖော်ပြလိမ့်မည်။

စိတ်ငြိမ်းချမ်းခြင်းမှ တစ်ပါး၊ အခြားကောင်းသည့် နည်းလမ်းမရှိပေ။ ထိုအခါ သင်သည် ရုပ်ရောစိတ်ပါ ကုသ ပြီး ဖြစ်လိမ့်မည်။

**အချိန်။ ။** *လုပသော ညနေခင်းတွင်ထိုင်ပါ။*

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# III
# THE EMPRESS
# စေတရီ

မိန်းမ၏ စွမ်းရည်ကို အလေးအနက်ထားပါ။ မိခင်ဖြစ်ခြင်းကို ဂုဏ်ပြုပါ။ မြေကြီးပေါ်က စွမ်းရည်တွေထဲမှာ မိခင်၏အစွမ်း အများကြီးပါသည်။ 'ဧကရီ' ဆိုသည့် အိပ်မက်၊ လူယောကျ်ားတို့၏ မျှော်လင့်ချက်တို့၏ ကိုယ်စားလှယ်ဟု နားလည်ပါ။ သဘာဝတရား၏ ထူးခြားသော အမြင်၊ ပေါ်ပေါက်မှု၊ ဖြစ်ထွန်းမှု၏ သဘော၊ ကံတရား၊ ငိုခြင်း အားလုံးနှင့်ပတ်သက်နေသည်။ ယောကျ်ား၊ မိန်းမ၊ သင့်မြတ်ခြင်း၊ ညီညွတ်ခြင်းဟု နားလည်ပါ။ တရားထိုင်ရင်းနှင့် ဘဝရဲ့တကယ့်အစစ်အမှန် အဓိပ္ပာယ်ကို သိလာမယ်။ ဤကတ်သည် မိန်းမသာမဟုတ်။ ပြည့်စုံမှုကို အမဲလိုက်သလို ရှာဖွေနေခြင်းလို့လည်း နားလည်ပါ။ မိမိမိသားစု၊ လင်၊ မယား၊ ကလေးကို နိုးကြားအောင် ဆောင်ရွက်လိုက်တဲ့ အမှတ်အသား၊ စစ်မှန်သော မေတ္တာသည် ကောင်းကင်ဘုံရဲ့ နှလုံးခုန်မှုလို့လည်း နားလည်ပါ။ မိခင်ဓာတ်နှင့် ဖခင်ဓာတ်လည်းပါသည်ဟု နားလည်၍ ထိုင်ပါ။

**အချိန်။** ။ နံနက် (သို့မဟုတ်) ညနေစောင်းလာမှုး ကြည့်၍ တရားထိုင်ပါ။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# IV
# THE EMPEROR
# ဧကရာဇ်

ဤကတ်ကို ကြည့်သည့်အခါ ကောင်းကင်ဘုံကပို့တဲ့ ဥပဒေကို နားလည်ပြီးမှ ကြည့်ပါ။ ရုပ်ဝတ္ထုများပင် ထိုဥပဒေများကို လိုက်နာနေရသည်ဟု နားလည်ထားရမည်။ လူတစ်ဦး၏ ဘဝဖြစ်စဉ်မှာ ကောင်းကင်ဘုံကို အားမကိုးဘဲ လက်ရှိကိုသာ ယုံကြည်ပါက ဘဝတွင်အမှားများ၊ ခါးသီးဆိုးရွားသည့် အတွေ့များ၊ ဒေါသနှင့်တောက်လောင်မှုများကိုသာ ကြုံရမည်။ အဓိကမှာ ဖြစ်ဖြစ်သမျှအကြောင်းတို့သည် ကောင်းကင်ဘုံက ဖန်တီးတယ်လို့ နားလည်ရမည်။ ကောင်းကင်စည်းမျဉ်းတွေကိုလည်း ကျေးဇူးတင်ရန် လိုသည်။ ထို့အပြင် လူလူချင်း၏ ဥပဒေသများကိုပါ လိုက်နာပါက အကောင်းဆုံးဖြစ်သည်။ ပန်းပွင့်ကလေးများ ဖြစ်နေသည်ကိုလည်း ကျေကျေနပ်နပ် ခံယူရမည်။ ခေါင်းဆောင်မှု လိုအပ်တယ်လို့ သင်မြင်လာက သဘာဝတရားက ကူညီလိမ့်မယ်။

**အချိန်–နေရာ။** ။ အယောင်းဆိုင် ဘာသီဘိုပ်နှပ် အပေင်း မဟုးသည့် နေရာတွင်ကြည့်ပါ။

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# V
# THE HIEROPHANT
# ဘုန်းကြီး

ကောင်းကင်ဘုံကို ရောက်စေတဲ့ အတွေးအခေါ်အထိ မြင့်တက်နိုင်တယ်။ သင့်စိတ်ဓာတ်ကိုလည်း မြှင့်တင်ပါ။ ကြောက်စိတ်များကို ပယ်ဖျောက်ပါ။ ငါ့စိတ်ဓာတ်တွေ မြင့်တက်လာပြီ။ ရစ်ပတ်ထားတဲ့ နှောင်ကြိုးတွေပြတ်သွားပြီ။ ယခင်ကလုပ်ခဲ့တဲ့မကောင်းမှုတွေ လွှင့်ထွက်သွားပြီလို့ ခံယူနားလည်ရမယ်။ ယခုတွေ့နေရတဲ့ ပြဿနာတွေကလည်း သင်ကိုယ်တိုင် ပုံစံကိုက်ပြုလုပ်ထားတဲ့ အရာတွေပဲလို့ယုံကြည်ထားပါ။ ဆောင်းရာသီ မှုန်ဝါးမှုကိုလင်းစေ၊ နွေကိုတောက်ပြောင်စေ၊ မိုးရာသီကို သာယာလှပစေနိုင်တယ်။ နောင်ဖြစ်လာမယ့်အရာတွေရဲ့ သင်္ကေ၊ သို့မဟုတ် ဂိတ်တံခါး သင်ကိုယ်တိုင် သိသွားနိုင်တဲ့တံခါးလို့ နားလည်ထားပြီး ဤကတ်ကိုကြည့်ပါ။ မှန်ကြည့်သလို ကိုယ့်စိတ်ကို ကိုယ်ပြန်ကြည့်တယ်လို့ နားလည်ပါ။

**အချိန်။ ။** ဟောင်းရေ့ပုံးနှာ ဆောက္ခမှုနည်းတဲ့အချိန်များ လှည့်ပါ။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# VI
# THE LOVERS
## ချစ်သူများ

ဤကတ်သည် သိပ်လေးနက်သည်။ ဤကတ်သည် သင့်အတ္တကို ဖြို့ခွင်းနိုင်သည်။ ကံဘုံက ပြုလုပ်သော လောဘတရားကို ဖြို့ခွင်းနိုင်သည်။ ဤကတ်ကို ကျင့်သည့် အခါတွင် ယောကျ်ားရော၊ မိန်းမပါ ကောင်းကင်ဘုံကလို အပ်လို့၊ နှစ်ဦးစလုံး အရေးကြီးလို့ ဖန်တီးထားတာလို့ နား လည်ပါ။ အငမ်းမရဖြစ်မှု၊ အသီးအပွင့်ဖြစ်မှု၊ တစ်ဦးနှင့် တစ်ဦး အရူးအမူးချစ်မှုကို ဖော်ပြသည်။ ယောကျ်ားက မိန်းမကိုကြည့်ပြီး၊ မိန်းမက ကောင်းကင်ဘုံကို ကြည့်နေ တယ်။ မိန်းမက ယောကျာ်းထက် ကောင်းကင်ဘုံကို ယုံ ကြည်တယ်။ ထိုကောင်းကင်ဘုံဆိုတာ 'ဟာလေ' နတ်သား ပါပဲ။ မိန်းမကတော့ ကောင်းကင်ဘုံကို ယုံကြည်ထားလိမ့် မယ်။ ယောကျ်ားက ကောင်းကင်ဘုံကို မယုံရင်တော့ မယုံ တဲ့အတွက် မင်းတစ်ယောက်တည်းပဲ ခံစားရမှာပဲ။

**အချိန်–နေရာ။** ။ အချိန် လုံလုံ ယောက်ယောက် များ များလေးပြီး ကြည့်ပါ။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# VII
# THE CHARIOT
## စစ်ရထား

အကောင်းရော အဆိုးပါ၊ အမှန်ရော အမှားပါ လိုအပ်တယ်လို့ သဘောထားပြီး ကြည့်ရမယ်။ ကောင်းကင်ဘုံကို လိုက်ရှာသူသည် ကောင်းကင်ဘုံရဲ့ ပုံတူတစ်ခုဟာ ကိုယ်ပဲ၊ ဝိညာဉ်အိပ်နေတဲ့ အိမ်/နေရာဟာ ကိုယ်ပဲ၊ ဤခန္ဓာကိုယ်ကြီးက 'နေ'ပဲလို့ သဘောထားပါ။ နောက်ဆုံးပန်းတိုင်ဟာ 'ဘုရားသခင်'ပဲလို့ပြောနေကြတာဟာ ကိုယ်ခန္ဓာပဲလို့ ယုံကြည်ပါ။ အားလုံးရဲ့ ကိုယ်ခန္ဓာတွေဟာလည်း ဘုရားသခင်ပဲလို့ နားလည်ပါ။ လုပ်သမျှ အရာအားလုံးမှာ ကိရိယာလက်နက်မရှိပါ။ ဘုရားသခင်က ပေးထားတာတွေ လုပ်နေတာလို့ သဘောထားပါ။

**အချိန်–နေရာ။** ။နံနက် ၃း၀၀နာရီ (သို့)ညနေ ၃း၀၀ နာရီ

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# VIII
# JUSTICE
## တရားမျှတခြင်း

ခန္ဓာကိုယ်ရဲ့ အကျဉ်းသားမဟုတ်ဘူး။ ကောင်းကင်ဘုံရဲ့ အမိန်များကို လိုက်နာနေခြင်းသာ ဖြစ်တယ်ဆိုတာ နားလည်ပါ။ ကိုယ့်ကိုယ်ကို ကောင်းစွာ တရားစီရင်နိုင်ရမယ်။ ကောင်းကင်ဘုံရဲ့ မြင့်မြတ်မှုတွေကို ရရှိနိုင်ပါလျက် အခြားမလိုတဲ့ ကိစ္စတွေကြောင့် မရရှိခြင်းဖြစ်ကြောင်း ရှက်ပါ။ ကောင်းကင်ဘုံရဲ့ တန်ခိုးနဲ့ နေ့စဉ်လုပ်ငန်းတွေကို ရောမွှေလိုက်ပါ။ ချောက်ကမ်းပါးတွေကို ဘယ်လိုရှောင်ရမယ်ဆိုတာ နားလည်လာမယ်။ ရင့်ကျက်တဲ့စိတ်နဲ့ အားရှိတဲ့စိတ်ဆိုတဲ့ အပင်နှစ်ပင်ကို စိုက်ပျိုးနေတယ်လို့ နားလည်ပါ။ ဒီမှာရှိတဲ့ အင်အားဟာလှပသော၊ ငြိမ်းချမ်းသော၊ နားလည်မှုရှိသော အင်အားဆိုတာ နားလည်ထားပါ။

**အချိန်။ ။** *မွေ့ကြည့်ချိန်၊ ပုပ်မြေစည်းအမြင်း ခန္ဓာကိုယ်ကို စိတ်ရော၊ ကိုယ်ပါ ပြေလျော့ချ၍ ထိုင်ပါ။ ဆိတ်ငြိမ်လှပပါနှင့် စမ်းချောင်းလေးဘေး၊ ပန်းခင်း စတဲ့ သဘာဝလှတဲ့ရှုခင်းတွေကြားမှာ မွေ့ကြည့်ပါ။*

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# IX
# THE HERMIT
## ရသေ့

တောင်ထိပ်ပေါ်ရောက်နေတဲ့ ရသေ့ဟာ ကောင်းကင်ဘုံက အသိအပွင့်(ပညာ)တွေ သင့်ကိုလှမ်းပေးနေတယ်လို့ ခံယူပါ။ ဒီ အသိအပွင့်တွေကိုယူဖို့၊ ရသေ့ရှိတဲ့နေရာကို သွားဖို့ 'စကားတွေ' ကိုစွန့်ပစ်ပါ။ ထိုင်ပြီးက စိတ်သည်ငြိမ်း ချမ်းမှုရပြီး သက်သောင့်သက်သာ ဖြစ်သွားမယ်။ သန်း ပေါင်းများစွာသော ရောင်ခြည်တွေ ကောင်းကင်ဘုံက ပို့လွှတ်လိုက်တယ်လို့လည်း ယုံကြည်ပါ။ သင်က ကောင်းချီးပေးရင် ဘေးကလူတွေလည်း ရတယ်လို့ ယုံကြည်ပါ။

**အချိန်။** ။ ပထမဆုံး ဖြူပါရှုတဲ့ရောင်ခြည်ကို အောက်ဆွဲ ပြီး ထိုင်ပါ။ ဘုရားသခင် သင့်ကိုယ်ထဲမှာ ရှိတယ်လို့ ယုံကြည်ပါ။

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# X
# WHEEL OF FORTUNE
# ကံကြမ္မာလှည့်ဘီး

ဘဝရဲ့ ကာရန်ညီမှုသည် သဘာဝရဲ့ လျှို့ဝှက်ချက်ကို နားလည်စေသည်။ အတိတ်ကို ပြန်စဉ်းစားပါ။ ဘဝစက်ဝိုင်းလည်ပတ်ပုံကို သဘောပေါက်မယ်။ အဆက်မပြတ်လည်နေတဲ့ ဘဝစက်ဝိုင်းရဲ့အလှတရားကို သိမယ်။ တစ်နှစ် တစ်နှစ်မှာ ဖြစ်နေတာကိုလည်း နားလည်မယ်။ ရာသီစက်ဝန်းသိရင် ဘဝစက်ဝန်းကို နားလည်မယ်။ ဘဝရဲ့ ဆန့်ကျင်ဘက်တရားတွေ လုပ်ရမလားဆိုတာလည်း နားလည်မယ်။ စိုက်ချိန်၊ ပျိုးချိန်၊ ရိတ်ချိန်တွေ သိသွားမယ်။ ရိတ်ရမယ့်အချိန်မှာ အပင်မစိုက်မိဖို့ လိုတယ်ဆိုတာ နားလည်လျှင် ဘဝမှာ ဒီလိုအမှားမျိုး မကျူးလွန်သင့်ဘူးဆိုတာ သိသွားမယ်။ နေ့စဉ်နှင့်အမျှ ဘဝရဲ့စိန်ခေါ်မှု၊ ပေးမှုတွေ၊ ခံနိုင်ရည်ရှိမှုတွေ နားလည်လာမယ်။ အမှန်လုပ်က အမှန်ဖြစ်မယ်။ ကလေးလို ဘုရားသခင်ဆီ သွားပါ။ ဘုရားက အပြစ်တွေ အကုန်လုံး ယူပြီလို့နားလည်ပါ။ မနက်ဖြန် ဘုရားသခင်နဲ့ အတူ နားမယ်လို့ နားလည်ပါ။

**အချိန်။** ။ *အလုပ်လုပ်ပြီး မနားခင် သုံးပါ။ စိတ်ဓာတ်ကျတဲ့ စိတ်နဲ့ အိပ်ရာမဝင်ပါနဲ့။ အတက်အကျ ပုံမှန်ရှိတယ်ဆိုတာ သင်ယူပါ။*

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XI
# SRTENGTH
## ခွန်အား

မိမိကိုယ်မိမိ တွေ့ရှိသွားခြင်းသည် ကြိုးစားပမ်းစား တရားရှာခြင်းနှင့် အတူတူပါပဲ။ နာကျင်မှု၊ ဝမ်းနည်းမှုတွေ ဟာ ဘဝရက်ကန်းစင်တစ်ခုမှာ ပါနေသည့်ချည်မျှင်လေး တွေပဲ။ ဘဝမှာ ဒါလေးတွေ ပါလာရမယ်။ သင်ယူခြင်း ဘဝမှာ ထမ်းထားတဲ့ဝန်တွေကို ဘုရားသခင်က ပစ်ချမပေး နိုင်ဘူးလို့ နားလည်ပါ။ ကမ္ဘာ့ဌာန်းသည် ဘဝဘေးဒုက္ခ၊ နာကြည်းချက်တွေကို ဘမ်းပရုတ်ဆီလူးပေးတယ်လို့ နား လည်ပါ။ ကတ်က ပေးမှာက ဝန်တွေကို ဘုရားသခင်ဆီ ပို့ပေးလိုက်ရင် ဘယ်လောက် ပေါ့ပါးသွားတယ်ဆိုတာ သိမယ်။ ယုံကြည်မှု ခွန်အားရစေတယ်လို့ သဘောထား၍ ထိုင်ပါ။

**အချိန်။** ။ *ထိုင်နိုင်တဲ့အချိန်မှာထိုင်၊ မျက်နှာရွှင်ပျမှုမျှရှိတဲ့ အချိန် ဘုရားသခင်ဆီ ပန်ကြား အားပေးပို့ ပြီး ထိုင်ပါ။*

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XII
# THE HANGED MAN
## ခြောက်ထိုးဆွဲထောင်း
## ဆွဲထားသောသူ

ရုပ်ရော စိတ်ပါအနားယူပြီး လုပ်ပါ။ ဘုရားသခင်ထံမှာ မိမိဘဝ မြင့်တက်လာအောင် တောင်းပါ။ မျက်စိဖွင့်၍ လေ့ကျင့်ပါ။ ခန္ဓာကိုယ်ထဲမှာ ဘုရားသခင်ရဲ့ ဓာတ်တွေ၊ စကြဝဠာဓာတ်တွေဟာ ရှိပြီးသား၊ ထိုဓာတ်များ ထွက်ပေါ်လာစေရန် စောင့်နေရခြင်းသာ ဖြစ်သည်ဟု စိတ်ထား၍ ထိုင်ပါ။ စကားလုံးအရှုပ်အထွေးတွေကို ပစ်ပယ်လိုက်ပါ။

**အချိန်။** ။ နံနက်စောစော သူများအိပ်ရာ မထခင် လုပ်ပါ။

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XIII
# DEATH
## သေခြင်းတရား

ဘဝသစ်၏ စွမ်းရည်များက သင့်ကိုစောင့်နေပြီ။ လော ကကြီးရဲ့ သတ်မှတ်ချက်တွေကို ချိုးဖောက်လိုက်ပါ။ သေခြင်းတရားဟာ အဆက်မပြတ်ဖြစ်နေတယ်လို့ နား လည်ပါ။ လျှို့ဝှက်နက်နဲတဲ့ဘဝ တည်းရှိခြင်း စခန်းအဖြစ် နားလည်ပါ။ ဘဝသည် အဆက်မပြတ် ဖြစ်ပေါ်နေသည်။ သေခြင်းတရားသည် ခဏလေးဖြစ်သည်။ ပြီးခဲ့တဲ့ အတိတ် တွေဟာ သေခဲ့ပြီလို့မှတ်ပါ။ ဆုံးရှုံးမှုတိုင်းကို သဘာဝတရား က အစားထိုးပေးနေတယ်လို့ မှတ်ပါ။ စိတ်ကို ခဏလေး ရပ်နားပြီး စကြဝဠာကို ကြည့်ပါ။ သင်ကိုယ်တိုင် စွမ်းရည် တစ်ခုအနေနဲ့ ပါဝင်နေတာကို သိလာအောင် ကျင့်ပါ။ သင် ဘာဖြစ်လို့ လူလာဖြစ်ရတယ်ဆိုတာ စဉ်းစားပါ။ ဘုရားသခင် နှင့်အတူ စကားပြောပါ။ လမ်းလျှောက်ပါ။ ဘုရားသခင်ရဲ့ သဝဏ်လွှာကို ကောင်းစွာနာကြားပါ။ ဘုရားသခင်ကို သတ် တဲ့ လက်ဝါးကပ်တိုင်ကို သင်ထမ်းပါ။ ရှင်သန်ထမြောက် မည့်နေ့ကိုလည်း ကြိုနေပါ။ ဘုရားသခင်ရဲ့ ကြင်နာမှု၊ နောက်တစ်ဖန်မွေးဖွားလာမှုကို တောင်းယူပါ။ ရှင်သန်မှု၊ အသစ်နဲ့ ဖြည့်ဆည်းပါ။ မနေ့က အဖြစ်တွေကိုစွန့်၊ ဘုရား သခင်နဲ့ အသစ်မွေးဖွားခြင်းကို လက်ခံလိုက်ပါ။

**အချိန်။** ။ *ယိုင်ချင်း ယုပ်ချင်တဲ့အချိန်မှာ မလေ့ကျင့်ပါ။ ပြန်လည်မွေးဖွားခြင်း ရှိနေတယ်။ တည်းရှိ ရောဝေန်းရှိနေတယ် ဆိုတာ သိထားပါ။*

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XIV
# TEMPERANCE
# မြီးချိန်ခြင်း

ဤကတ်သည် ကောင်းကင်ဘုံနှင့် ဆက်သွယ်သော ကတ်ဖြစ်သည်။ လူသည် သူ၏ ခန္ဓာကိုယ်ထဲမှာ ကန့်သတ်မှုထက် လွန်တဲ့အချက်ရှိတယ်လို့ ခံယူပြီး ထိုင်ပါ။ စိတ်ကို မြင့်ထားပါ။ မနောအာရုံလျင်လျင်မြန်မြန် နိုးကြားဖို့ ရည်ရွယ်ချက် ထားပါ။ ကောင်းကင်ဘုံနဲ့ ဆက်သွယ်ရန် နည်းလမ်းမှာ စကြဝဠာထဲမှာ လူသည် အဓိကကျသည်။ လျှို့ဝှက်တဲ့အရာဟာ ကိုယ်ပဲလို့ နားလည်ရမယ်။ စိတ်နဲ့ရုပ် ဘယ်လိုပေါင်းနေတယ်ဆိုတာ ဖွင့်နိုင်တာလည်း ကိုယ်ပဲ။ ငြိမ်သက်ခြင်း၊ ဖန်တီးခြင်း၊ ညီညွတ်ခြင်းသည် တစ်ယောက်တည်းဖြစ်သည်။ ပြည့်စုံညီညွတ်တာ သိခြင်းဟာ လူ့ရဲ့ရည်ရွယ်ချက်ဖြစ်တယ်။ လောဘနဲ့ မျှော်လင့်ချက်ကို စွန့်၍ ဘဝကို ညှိပြီး နှစ်မြှုပ်၍ ထိုင်ပါ။

**အချိန်–နေရာ။** ။နံနက် ညနေ လေဟာပြင်ထဲမှာ ကျင့်ပါ။ အနားယူပြီး ကိုယ်လက်ကြော လျှော့ပြီးမှ လုပ်ပါ။

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XV
# THE DEVIL
# တစ္ဆေ

ခံစားမှုသည် ရေငုပ်ရာကပေါ်လာသလို မနောက ဖန်တီးလာမယ်။ အတွင်းက အသံကို မသိကျိုးကျွန်ပြု၍ မရ။ စိတ်ခန္ဓာက တောင်းဆိုတဲ့ အချက်ကို ရှာဖွေကုစားဖို့ ဆေးလိုသည်။ ဒါဟာ ဆေးပဲ။ အမှန်လိုအပ်ချက်ပဲ။ ရည်မှန်း ချက်များလာရင် လောဘ၊ ဒေါသတွေ များလာမယ်။ ဖယ်ချ ပါ။ ပန်းတိုင်ကို ပြန်စစ်ဆေးပါ။ ကောင်းကင်ဘုံ ကိုလည်း စိတ်နဲ့ ခရီးသွားပါ။ ကိုယ်တိုင် တုပ်နှောင်ထားတဲ့ သံကြိုး ကို ချိုးဖြတ်တဲ့ အဆင့်ပဲ။ ဘုရားက ပြမယ့် စွမ်းရည်တွေ သင့်ဘေးမှာ ဘယ်လောက်ရှိတယ်ဆိုတာ ကောင်းကင် ဘုံက ပြမယ်။ အခြားသူ မြင်နိုင်အောင်လည်း ခံစားမှုကို အလင်းရောင်အဖြစ် ပြနိုင်လိမ့်မယ်။

**အချိန်–နေရာ။** ။ *ရေမျိုး၊ အပေါ်အထား ရှေ့ပေါ်ရှေ့ပေါင်ပေါ် တင်ပျဉ်ခွေထိုင်၊ ကျောကို မတ်မတ် ထား၊ လူအားလုံးကို ခွင့်လွှတ်နိုင်မှ ကမ္ဘာငြိမ်းသော သာပါ။*

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XVI
# THE TOWER
# မျှော်စင်

လှုပတဲ့သင်္ကေတပဲ။ တစ်ကိုယ်ရေ တစ်ကာယ တရား ထိုင်ပါ။ စကြဝဠာရဲ့ သဘောတရားဟာ သင့်အိပ်မက်၊ မျှော်လင့်ချက်၊ မလိုလားဘဲ ကန့်သတ်ထားချက်တွေကို ပယ်ဖျက်ပစ်နိုင်တယ်။ ကောင်းကင်ဘုံက အခက်အခဲတွေကို ကျော်လွှားနိုင်အောင် ပေးလိမ့်မယ်။ ခွင့်လွှတ်လိမ့်မယ်။ ဘုရားထံမှ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းကို တိတိကျကျ တောင်းရမယ်။ ရှေ့ဘာလုပ်ရမယ်မသိတဲ့ အချိန်မှာ ကောင်းကင်ဘုံရဲ့ အစွမ်းနဲ့ လုပ်ဆောင်နိုင်အောင် ထိုင်ပါ။ အကြောက် တရားနဲ့ မနေပါနဲ့။ တခြားလူတွေဟာ ဘုရားလို ဘယ်သူကမှ မေတ္တာမထားနိုင်ဘူး။ ဘုရားရဲ့ရောင်ခြည်ကို ကောင်းစွာယုံပါ။ အမှောင်ကို စွန့်ပါ။ အလင်းနဲ့ ဖြည့်ပြီးသား ဖြစ်လိမ့်မယ်။

**အချိန်–နေရာ။** ။ နေ့ ၃:၀၀ နာရီ၊ စွမ်းအင် ရှည်သွယ်ပြီ ဆီမှ ရယူပါ။

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XVII
# THE STAR
# ကြယ်မင်း

ကိုယ်သိထားတဲ့ အသိတရားထက် လွန်တဲ့ စကြဝဠာ အသိတရားကို ရှာနေတယ်လို့ သဘောထားပါ။ အမှောင်ထုကို ဖောက်ရာမှာ ကောင်းတဲ့အင်အား (GOOD FORCE) နဲ့ဖောက်မယ်။ သဲလွန်စကတော့ မွေးခွန်းမဲ့ခြင်း၊ မေးခွန်းမရှိခြင်းပဲ။ ရင်ထဲက သိနေတယ်လို့လည်း ယုံကြည်ပါ။ ဝိပဿနာ အလုပ်လုပ်ပါ။ ကိုယ့်တရား ကိုယ်ရှာပါ။ ကောင်းကင်ဘုံရဲ့၊ ဘဝရဲ့ အနှစ်သာရတွေကို သိမယ်။ ထူးဆန်းတာတွေ၊ အစစ်အမှန်တန်ခိုးတွေလာမယ်။ အချိန်တိုတိုနဲ့ ဘုရား ဆိုတဲ့ မေတ္တာ၊ (LOVE) ကို ရသွားမယ်။ ဒုက္ခကိုလည်း နားလည်သွားမယ်။ ဝိညာဉ်ကို ချိန်ဆခြင်းဖြစ်တယ်။ ပရမတ်ကို ရပြီးတဲ့အခါမှာ ပညတ်ကို ပြန်ဆင်းပါ။ ကောင်းခြင်းကို ကျေးဇူးတင်ပါ။

**အချိန်–နေရာ။** ။ အချိန် ပိုပေးရမယ်။ လျှပ်ပြောတာတွေ၊ အဆွေတွေ့ အကြံပြုတွေကို သာနဲ့ ဆွေးနွေးပေး ပါ။

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XVIII
# THE MOON
# လမင်းအဒ္ဓါ

ယုံကြည်မှုဟာ မဟာမိတ်တွေလို့ ခံယူပါ။ ယုံကြည်မှုက မကြာခဏ စာမေးပွဲစစ်နေတယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှု လျော့သွားက နေလို့မရ၊ ယုံကြည်မှုဟာ ကောင်းကင်ဘုံရဲ့အစွမ်းပဲ။ စကြဝဠာက ဆိုလိုတဲ့အဓိပ္ပာယ်ကျန်အောင် ထိုင်မယ်။ စကြဝဠာရဲ့ ရောင်ပြန်မှု၊ ဝိညာဉ်နိုးကြားမှုရဲ့ ရောင်ပြန်၊ သက်ရှိဘုရားကို တွေ့မယ်။ ဘဝပန်းတိုင်ဆိုတာ မဆုံးရှုံးပါဘူး။ စိတ်ထဲမှာ ကျပ်နေတာတွေကို လွှတ်ချလိုက်ပါ။ အနာဂတ်အဖြစ်တွေ အကုန်မြင်လာလိမ့်မယ်။ မှန်နေတဲ့ ဘဝပန်းတိုင်ကို သေသေချာချာသိပြီး ယုံကြည်မှုတွေတိုးလာအောင် တောင်းမယ်။ ရောင်ခြည်က မနောကို ထိုးဖောက်နေတယ်။

**အချိန်–နေရာ။** ။ *အိပ်ရာဝင်ခါနီး သဒ္ဓါတရားနဲ့ ထိုင်မယ်၊ နိုးလာတဲ့အခါမှာလည်း ရောင်ခြည်ကို အသိအမှတ်ပြု။*

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XIX
# THE SUN
# နေမင်း

ကျွန်ုပ်အား လွတ်လပ်ခွင့်ကိုပေးပါလော့။ တစ်ကိုယ်ကောင်းဆန်မှု၊ ထိတ်လန့်မှုမှ ကင်းလွတ်ခွင့်ပေးပါလော့။ မျက်စိ(မနောစက္ခု)များက 'မနော'ကို ရောင်ခြည်ဖြင့် ဖြည့်ပါလော့။ အိပ်နေစဉ် ကောင်းကင်တမန်နှင့် ဓမ္မသီချင်းများဆိုခွင့်ပြုပါ။ ကလေးငယ်၏ အဖြစ်ကို ခံယူနိုင်တဲ့ကိုယ်ဖြစ်ပါစေ။ ဘေးပတ်လည်မှာ မည်းမှောင်မှုမှ အမြဲအလင်းရောင်ကို ပေးပါလော့။ စကြဝဠာတစ်နေရာစာ ပေးပါလော့။ စီမံကိန်းမှာ ပါဝင်ခွင့်ပေးပါလော့။ အခြားသူပြောသမျှကြားခွင့်၊ ခံစားခွင့်၊ ဘုရားသခင်နဲ့ လမ်းလျှောက်ခွင့်၊ သူတစ်ပါးကိုချစ်နိုင်ခွင့် ပေးပါလော့။ ထိုအလင်းရောင်ပင် လမ်းစဉ် ဖြစ်ပါလော့။

**အချိန်။** ။ *နေ့ခင်းကြီးခင်၊ နေထွက်ချိန် သို့ပါ၊ ယှိုင်စဉ် အမှောင်ကို အလင်းနဲ့ဖြတ်နိုင်ပြီလို့ ယုံကြည်ပါ။*

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XX

# JUDGEMENT

## ပြန်လည်ရှင်သန်ခြင်းတရားစီရင်ခြင်း

ကောင်းကင်ဘုံက ဘုရားကို ကျွန်ုပ်ဒီမှာ ဘာလို့ရပ်တည်ခွင့် သို့မဟုတ် လူဖြစ်နေရတာလဲ။ ရည်ရွယ်ချက်၊ တွေးခေါ်ချက်တွေဟာ ဘာလဲ။ သိခွင့်ပေးပါလော့။ စိတ်တံခါးကိုလည်း ဖွင့်ပေးပါလော့။ ကရုဏာ နိုးကြားခွင့်ပေးပါ။ မနောစက္ခုကို ဖွင့်ပေးပါလော့။ အိပ်နေစဉ်၊ နိုးနေစဉ်၊ နောက်နေ့လုပ်ရမှာကို နိုးကြားခွင့်ပေးပါ။ သို့မှသာ စွမ်းအားရှိစွာ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို ခွင့်လွှတ်နိုင်တဲ့သူ ဖြစ်ရပါလို၏။

**အချိန်–နေရာ။** ။ *အိပ်ရာမဝင်ခင် ငြိမ်ငြိမ်ကလေးနေပြီး ဘဝအဓိပ္ပာယ်ကို မေ့ပေ့ပေ့ချင်း လုပ်ပါ။*

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XXI
# THE WORLD
## ကမ္ဘာလောက

ဘဝအသက်ရှင်နေစဉ် ဝိညာဉ်ကြွယ်ဝရေးပဲ။ နေ့တိုင်း ဘဝကို စိန်ခေါ်နေတယ်။ အဆက်မပြတ် သင်္ခါရစမ္မတွေ က စိန်ခေါ်နေတာကို နားလည်ပြီးထိုင်ပါ။ ဘုရားရဲ့အလို ကျပဲ။ ဟန်ချက်မညီ တိမ်းစောင်းသွားရင် အပြစ်ပဲ။ ဘဝ သမုဒ္ဒရာမှာ ကူညီပါ။ မုန်တိုင်းဒဏ်က ကာကွယ်ပါ။ တစ် ကိုယ်တည်းဖြစ်မှု၊ အမှောင်ထဲမှာအသံကို ကြားပါရစေ။ ကျွန်ုပ် မလုပ်နိုင်လို့ပါ။ ဘုရားသခင် ဘေးကရပ်ပြီး ကူညီ ပါ။ ရင်ဆိုင်ခွင့် ပေးပါ။ ဘဝရဲ့ လက်တွေ့လုံခြုံမှုတွေ သင်ကြားပါ။ ကိုယ်ထဲမှာရှိတဲ့ ကောင်းကင်ဘုံရဲ့ တန်ခိုးကို နားလည်ခွင့်ပေးပါ။ လက်ထဲကို ဘဝအလင်းထွန်းပြောင် နိုင်တဲ့ တောင်ဝှေး၊ သို့မဟုတ် မီးတောက်ပေးပါ။ လူသား တွေကို ကယ်နိုင်တဲ့အဖြစ်ကို ပေးပါ။

**အချိန်–နေရာ။** ။ ဥက္ကာခဲကျနေတယ် ထင်တဲ့အချိန် ဘုရားရှိခိုးပြီး ဘုရားနှင့်အေးသူ နေပါ။

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

# XXII
# THE FOOL
## အရူး

နေ့စဉ် ဘဝအစကို အရူးလိုလုပ်ပစ်လိုက်ပါ။ စ,နိုင်သည်။ ဘာမှ မကြောက်ရပါစေသတည်း။ ကောင်းကင်ဘုံ၏ ကာကွယ်မှု၊ လမ်းညွှန်မှုရပါစေ။ ကောင်းကင် ဝိညာဉ်ကဲ့သို့ ဖြစ်ရပါစေသတည်း။ စကြဝဠာအသိများ သိရပါစေသတည်း။ သွားချင်တဲ့ဆီ သွားရပါစေသတည်း။ အတိတ်၏ အတွေ့အကြုံများ တည်ရှိခွင့်ရပါစေသတည်း။ ဓမ္မတေးသံကို ကြားရပါစေသတည်း။ ဘုရားသခင်သည် ကျွန်ုပ်၏ သိုးထိန်း ဖြစ်ပါစေသတည်း။

**အချိန်။** ။ နေ့တစ်နေ့မစခင် ဆိုင်းပါ။ နောင်ရေးကို မျှော်ကြည့်ပြီး ကိုယ့်ကိုယ်ကို နားလည်အောင် လုပ်ပါ။

**တတိယမျက်လုံးဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

http://cyberbooks.myanmarchat.org

# ကျွန်ုပ်၏ တားရော့ဟောနည်း

ကျွန်ုပ်သည် တားရော့ကို စတင်၍ ဟောပြောနေပြီဖြစ်၏။ ထိုသို့ဟောပြောရန်အတွက် တားရော့ချရန် အခင်းတစ်ခု ပြုလုပ်ထားရ၏။ တားရော့ကျမ်းစာများ၏ အဆိုအရ တားရော့အခင်းကို နှစ်တောင်ပတ်လည် အပြာရောင်ပိတ်စဖြင့် ပြုလုပ်ရမည်ဆို၏။

အဘယ်ကြောင့်ဆိုသော် တားရော့သည် မိုးကောင်းကင်၌ ထွက်ပေါ်နေသော ကြယ်တာရာများကိုယ်စား ထွက်ပေါ်နေသောကြောင့် မိုးကောင်းကင်၏ အပြာရောင်ကို အသုံးပြုရမည်ဟု ကျမ်းစာက ရှင်းလင်းထား၏။ သို့ရာတွင် ကျွန်ုပ်က ကြယ်တာရာများကို ကြည့်ရာ၌ နေ့ခင်း၌ကြည့်သည်မဟုတ်။ ညအခါ၌ ကြည့်သည်ဖြစ်ရာ မိုးကောင်းကင်သည် ညအခါ၌ အပြာရောင်မဟုတ်ဘဲ အမည်း



http://cyberbooks.myanmarchat.org

ရောင်ဖြစ်နေသည့်အတွက် ကျွန်ုပ်သည် အခင်းကို အပြာရောင်မသုံးဘဲ ကျွန်ုပ်စိတ်ကူးနှင့် ကျွန်ုပ် အမည်းရောင်ကိုသာ အသုံးပြုခဲ့၏။ ထို့ပြင် ထိုပိတ်စကိုခင်းပြီးနောက် ထိုပိတ်စ၏ထောင့်များတွင် တားရော့၏ အမှတ်တံဆိပ်ဖြစ်သော တုတ်၊ ခွက်၊ ဓား၊ ကြယ် လေးခုကို ထားရ၏။ တားရော့ကို ကိုင်တွယ်ရာ၌ သန့်ပြန့်စေရန် လက်ကိုစင်ကြယ်စွာ ဆေးရ၏။ ပြီးလျှင် ရေမွှေးဖြင့် ဖျန်းရ၏။ ရေမွှေးဖြင့် မဖျန်းလျှင်လည်း အရက်ဖြင့် ပွတ်ရသည်ဟု တားရော့ဆရာတွေက ဆို၏။

ကျွန်ုပ်သည် ဆင်းရဲလွန်းသောကြောင့် ရေမွှေးကိုလည်း မသုံးနိုင်ပါ။ ထို့ပြင် အရက်လည်းမသောက်သောကြောင့် အရက်ကိုလည်းမကိုင်ချင်ပါ။ ထို့ကြောင့် ကျွန်ုပ်သည် စပရစ်(ခေါ်)အရက်ပြန်တစ်ပုလင်းကို ဝယ်ယူ၍ ထိုအရက်ပြန်ပုလင်းထဲတွင် ကုလားများရောင်းသော အနံ့ပြင်းသည့် နံ့သာဆီတစ်ပုလင်းကို ရောလိုက်၏။ နံ့သာဆီလည်း အနံ့ပျော့သွား၊ စပရစ်နှင့် ရောလိုက်သောကြောင့် အကောင်းစားရေမွှေးသဖွယ် ဖြစ်သွား၏။ ပေါပေါသီသီလည်း သုံးနိုင်၏။ နောင်တွင် ငွေရေးကြေးရေး ချောင်ချောင်လည်လည် ဖြစ်လာသောအခါ၌လည်း ထိုအတိုင်းပင် အသုံးပြုခဲ့ပါသည်။ ထို့နောက် တားရော့ဟောနည်းကို မှတ်စုထုတ်ကာ အလွတ်ကျက်မှတ်၍ ဟောပြောခဲ့၏။ ထိုဟောနည်းမှာ တားရော့ဟောခါစတွင် များစွာ အထောက်အကူပြုခဲ့ပါသည်။ ကျွန်ုပ်ကဲ့သို့ တားရော့ပေါ်တွင် စိတ်ဝင်စားသူများအတွက် ကျွန်ုပ်စတင်ဟောခဲ့သော ဟောနည်းကို



http://cyberbooks.myanmarchat.org

စေတနာရှေ့ ထား၍ အပြည့်အစုံ ဖော်ပြထားပါသည်။

ထိုဟောနည်းမှာ မေဂျာကတ် ၂၂ချပ်၏ ဟောနည်းဖြစ်၏။ ကျွန်ုပ်၏အတွေ့အကြုံဖြင့် ပြုလုပ်ထားသော အဟောများဖြစ်ပါသည်။

***

## ၁။ မှော်ဆရာ

၁။ မကြာခင် ခရီးတစ်ခုသွားရလိမ့်မည်။
ထိုခရီးသည် ကောင်းသောခရီးဖြစ်လိမ့်မည်။

၂။ မိတ်ဆွေတစ်ဦး၏ လိမ်လည်လှည့်ဖျားမှုကို ခံရမည်။

၃။ ရပ်ဝေးမှ ဆွေမျိုးရောက်လာမည်။

၄။ မိမိကို ကောင်းကျိုးမပေးသောဆရာ မိမိထံရောက်လာမည်။

၅။ ငွေအတွက် သောကဖြစ်တတ်သည်။

၆။ အလုပ်နေရာ ပြောင်းရွှေ့ရလိမ့်မည်။

၇။ မမျှော်လင့်ဘဲ အမှုကိစ္စတစ်ခုနှင့် ရင်ဆိုင်ရလိမ့်မည်။

၈။ ရွှေထည်ပစ္စည်းတစ်ခုဝင်မည်။

၉။ လက်တစ်ဘက်နာရန်ရှိသည်။

၁၀။ ငယ်ရွယ်သူဖြစ်ပါက အိမ်ထောင်ကျလိမ့်မည်။

၁၁။ လုပ်ငန်းအသစ်ပေါ်လိမ့်မည်။

၁၂။ အိမ်နေရာလည်း ပြောင်းရတတ်သည်။ (သို့မဟုတ်) အိမ်ပြင်ရလိမ့်မည်။

**လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..**

ထိုကိစ္စမအောင်မြင်နိုင်ပါ။

တစ်စုံတစ်ယောက်၏ လိမ်လည်လှည့်ဖျားမှုကို ခံရမည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၂။ မယ်တော်ကြီး

၁။ အိမ်ထောင်ရေး အဆင်မပြေဖြစ်မည်။

၂။ သားသမီးတစ်ဦး၏ အောင်မြင်သောသတင်းကို ကြားရမည်။ ထို့အတူ မကျန်းမာသောသတင်းပါ ပါလာမည်။

၃။ အိမ်သို့ ဧည့်သည်များရောက်လာမည်။ ၄င်းတို့အတွက် စိတ်ညစ်ရမည်။

၄။ မကြာခဏဆိုသလို ခရီးထွက်ရမည်။

၅။ အလုပ်အကိုင်တိုးတက်မည်။

၆။ အလုပ် ရွှေ့ပြောင်းရမည်။

၇။ နေအိမ်ပြင်ခြင်း၊ ဆေးသုတ်ခြင်း ပြုလုပ်ရလိမ့်မည်။

၈။ ထူးခြားသောပုဂ္ဂိုလ်တစ်ဦး၏ဓာတ်ပုံ ရောက်လာမည်။

၉။ ငွေအလုံးအရင်းနှင့်ဝင်မည်။

၁၀။ အိမ်နားတွင် ပွဲလမ်းသဘင်ဖြစ်မည်။ ထို့သို့ဖြစ်ပါက သင့်အနေနှင့် စီးပွားတက်လိမ့်မည်။

၁၁။ ယောကျ်ားလျာ၊ မိန်းမလျာ အိမ်နားမှာရှိသည်။ မိမိအိမ်သို့အလာမခံပါနှင့်။ လာဘ်တိတ်လိမ့်မည်။

၁၂။ မျက်နှာချင်းဆိုင်အိမ် (သို့မဟုတ်) ခေါင်းရင်းဘက်က အိမ်၌ အလှူ(သို့မဟုတ်) မင်္ဂလာဆောင်ဖြစ်လိမ့်မည်။ ဤသို့ဖြစ်လျှင် သင့်အိမ် စီးပွားတက်လိမ့်မည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..</u>**

ထိုကိစ္စသည် မုချအောင်မြင်မည်။

အမျိုးသမီးကြီးတစ်ဦး ကူညီမည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၃။ ကေရီ

၁။ မျက်စိကို ဥပါဒ်ပေးလိမ့်မည်။

၂။ မမျှော်လင့်ဘဲ ကြွေးတင်ခံရမည်။ ငွေအတွက် ကြီးစွာသောဒုက္ခ တွေ့မည်။

၃။ အလုပ်တွင် အခက်အခဲတွေ့မည်။ အလုပ်မှ ထွက်ရတတ်သည်။

၄။ မမျှော်လင့်ဘဲ လူတစ်ယောက်၏အကူအညီကို ရရှိလိမ့်မည်။

၅။ ပညာတစ်ခုရတတ်သည်။

၆။ သူခိုးခိုးခံရတတ်သည်။ လမ်းခရီး၌ ဖြစ်လိမ့်မည်။

၇။ တန်ခိုးသြဇာ မြင့်မားလာလိမ့်မည်။

၈။ စက်ရှိက ထွက်လိမ့်မည်။

၉။ ကြီးကဲသူငြိုငြင်မှုကို ခံရတတ်သည်။

၁၀။ အမှုမဖြစ်ရအောင် နေပါ။ ဖြစ်က ကြာမည်။ ငွေဖြင့်မလိုက်နှင့်။ လိုက်လျှင် အမှုပါရှုံးသွားလိမ့်မည်။

၁၁။ အစာအိမ်ရောဂါဖြစ်လိမ့်မည်။ ဂရုစိုက်ပါ။

၁၂။ အလွန်ခင်မင်သူတစ်ဦးနှင့် အဆင်မပြေဖြစ်က လမ်းခွဲရတော့မည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..</u>**

ထိုကိစ္စမှာ မုချအောင်မြင်မည်။

မကြာမီအချိန်အတွင်း၌ သိသာထင်ရှားစွာ အကျိုးပေးလိမ့်မည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၄။ ကောရာင်

၁။ သတင်းကောင်းကြားရမည်။

၂။ စာချုပ်စာတမ်း၌ လက်မှတ်ရေးထိုးရမည်။

၃။ အစိုးရ၏ ချီးမြှင့်မ,စမှု ရမည်။

၄။ မသွားတော့ဘူးလိုလိုနှင့် ခရီးသွားဖြစ်လိမ့်မည်။

၅။ ပညာရပ်တစ်ခု ရရှိမည်။ ဖြေဆိုထားသောစာမေးပွဲ အောင်မည်။

၆။ အလုပ်တစ်ခုမှတစ်ခုသို့ အပြောင်းအလဲဖြစ်မည်။

၇။ ငွေအလွန်ကုန်မည်။

၈။ အိမ်တွင်းရေးအဆင်မပြေဖြစ်မည်။

၉။ ဓာတ်ပုံများရောက်ရှိလာမည်။

၁၀။ လမ်းထဲမှာလူတစ်ဦး၏ အကူအညီကို ရရှိလိမ့်မည်။

၁၁။ သင်သည် အထက်ဂိုဏ်းတစ်ခုခုကို ဝင်ပြီးမှ ဂိုဏ်းပျက်သွားတတ်သည်။

၁၂။ အမွေရလိမ့်မည်။ မယူပါနှင့်။ ယခုယူလျှင် ကုန်သွားလိမ့်မည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..</u>**

ထိုကိစ္စမှာ မအောင်မြင်နိုင်ပါ။

လူကြီးတစ်ဦး ဝင်ရောက်နှောင့်ယှက်လိမ့်မည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၅။ ဘုန်းကြီး

၁။ ဘုန်းကြီးတစ်ပါး အိမ်သို့ကြွလာမည်။
၂။ မိဘ ကျန်းမာရေး ညံ့မည်။
၃။ ခေါင်းကိုက်မည်။
၄။ စိန်အပါအဝင် အဖိုးတန်ပစ္စည်းဝင်မည်။
၅။ လာဘ် အလွန်ရှင်မည်။
၆။ အလုပ်၌ နာမည်ကောင်းရမည်။
၇။ အောက်လက်ငယ်သား၏ အကူအညီကို ရမည်။
၈။ အိမ်ထောင်သည်အမျိုးသမီးဖြစ်ပါက ကိုယ်ဝန်ရမည်။
၉။ ရုတ်တရက် ခရီးထွက်ရလိမ့်မည်။
၁၀။ ငွေလိမ်ခံရတတ်သည်။
၁၁။ မိန်းမတစ်ဦး မိမိ၏ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် လုပ်လိမ့်မည်။
၁၂။ နေအိမ်မသန့်ပါ။ အခိုက်အညံ့ရှိနေသည်။ နေရာအနှံ့ အပြား ပရိတ်ရေနှင့် ဖြန်းလိုက်ပါ။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..</u>**

ထိုကိစ္စမှာ မုချအောင်မြင်မည့် ကိစ္စဖြစ်သည်။
ရဲရဲတင်းတင်းဆောင်ရွက်ပါ။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၆။ ချစ်သူနှစ်ဦး

၁။ မင်္ဂလာရက်ရွှေ့ရမည်။
၂။ အချစ်ရေးတွင် ကြားလူအနှောင့်အယှက် ပေါ်မည်။
၃။ မြေ၊ အိမ် ရတတ်သည်။
၄။ စက်တစ်ခုဝင်လာမည်။ အလွန်ကောင်းသည်။
၅။ ပညာဖြင့် လာဘ်ရမည်။
၆။ ပညာထူးရရှိမည်။
၇။ ရေကြောင်းခရီးသွားရမည်။ (ပြည်ပခရီးဖြစ်နိုင်သည်)
၈။ အမှုဖြစ်လိမ့်မည်။
၉။ အလုပ်၌ စိတ်မဝင်စားသကဲ့သို့ ရှိမည်။ အလုပ်ပြောင်းရမည်။
၁၀။ ငွေရေးကြေးရေး အဆင်မပြေဖြစ်လိမ့်မည်။
၁၁။ မိဘ ကို ကောင်းစွာလုပ်ကျွေးရလိမ့်မည်။
၁၂။ အိမ်တွင် နားလေးသူရှိမည်။ မရှိပါက မိမိကိုယ်တိုင် နားကို ဥပဒ်ပေးတတ်သည်။

**လတ်တိတ်လောကီစွအတွက် မေးမြန်ပါမှ ..**

ထိုကိစ္စ အောင်မြင်မည်။
သို့သော် အချိန်အနည်းငယ်နောက် ကျပြီးမှ အောင်မြင်တတ်သည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၇။ စစ်ရထား

၁။ စပ်တူရှယ်ယာလုပ်ငန်းတစ်ခု လုပ်ရမည်။
၂။ မိမိထက် အသက်အားဖြင့်ကြီးသူ၊ ဂုဏ်အားဖြင့်ကြီးသူ တစ်ဦးဦးက ကူညီလိမ့်မည်။
၃။ ခြေထောက်တစ်ဖက် နာလိမ့်မည်။
၄။ စိတ်ချမ်းသာစရာများ ဆက်တိုက်တွေ့လိမ့်မည်။ လာဘ်လာဘ လည်း အလွန်ရွှင်မည်။
၅။ သူတစ်ပါးအတွက် သက်သေလိုက်ရမည်။
၆။ အိုးသစ်အိမ်သစ် ရတတ်သည်။
၇။ မိန်းမချော့သည်တစ်ဦး အိမ်သို့ရောက်လာမည်။ ကောင်းသည်။
၈။ ဆွေမျိုးတစ်ဦး ကျန်းမာရေးညံ့သောသတင်း ကြားရမည်။
၉။ သင်ကိုယ်တိုင်လည်း ကျန်းမာရေးညံ့တတ်သည်။
၁၀။ သူတစ်ပါးကို ထောက်ပံ့ရသောကြောင့် ငွေများထွက်တတ်သည်။
၁၁။ အောက်လက်ငယ်သားများ မင်္ဂလာပြုတတ်သည်။
၁၂။ ခန္ဓာကိုယ်တစ်ခြမ်း အောင့်သကဲ့သို့ ရောဂါရတတ်သည်။ စိုးရိမ်စရာမလိုပါ။ အလိုလိုပျောက်ကင်းမည်။
၁၃။ နောက်သုံးလကြာလျှင် စီးပွားတတ်မည်။

**လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..**

ထိုကိစ္စမအောင်မြင်ပါ။
လက်လျှော့လိုက်လျှင် အကောင်းဆုံး ဖြစ်သည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၈။ စွမ်းအားရှင်

၁။ ဆိုင်ခန်းတစ်ခု ရရှိမည်။

၂။ သူတစ်ပါးကို အားမခံမိ၍ စိတ်ညစ်ရတတ်သည်။

၃။ သူတစ်ပါးအမှု လိုက်လံဆောင်ရွက်ရတတ်သည်။

၄။ မိမိ၌လည်း အမှုပေါ်တတ်သည်။

၅။ ကိုးကွယ်မှုဆိုင်ရာပစ္စည်းများ၊ အထူးသဖြင့် ဘုရားပုံတော်များ ရောက်လာမည်။

၆။ အစားမှားခြင်းဖြစ်လိမ့်မည်။ ဆင်ခြင်ပါ။

၇။ သူတစ်ပါးက မိမိအား မတရားစွပ်စွဲပြောဆိုခြင်း ခံရမည်။ သည်းခံပါ။

၈။ ငွေဝင်လိမ့်မည်။ ဆက်တိုက်ဝင်လိမ့်မည်။

၉။ လုပ်ငန်း၌ ရန်ပေါ်တတ်သည်။

၁၀။ အမွေအတွက် စကားပြောရတတ်သည်။ မြေနေရာကို အကြောင်းပြု၍လည်း စကားပြောရမည်။

၁၁။ ခြေလက်ခိုက်မိ၍ သွေးထွက်သံယိုဖြစ်တတ်သည်။

၁၂။ လုပ်သမျှကိုင်သမျှ အလွဲလွဲအချော်ချော် ဖြစ်လိမ့်မည်။

၁၃။ သူတစ်ပါးက မိမိအား မကောင်းသော ပယောဂအတတ်ဖြင့် ပြုစားထားသကဲ့သို့ စိတ်၌ခံစားရလိမ့်မည်။

**လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..**

ထိုကိစ္စ မအောင်မြင်နိုင်ပါ။

တစ်စုံတစ်ယောက်၏ ဟန့်တားနှောင့်ယှက်မှုတွေ့ရလိမ့်မည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၉။ ပုဏ္ဏားဘကွန်း

၁။ နိုင်ငံခြားခရီး၊ ရပ်ဝေးခရီး သွားရမည်။

၂။ လက်ဆောင်ပစ္စည်းများ ရောက်လာမည်။

၃။ အမိအဖမျက်စိရောဂါ ကုပေးရလိမ့်မည်။

၄။ မိမိကိုယ်တိုင်လည်း မျက်စိအားနည်း၍ မျက်မှန်တပ်ရမည်။

၅။ ဘာသာရေးကို ဖိဖိစီးစီးလုပ်ပါ။ ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများ ပြုလုပ်ပါ။ အကျိုးထူးတော့မည်။ အထက်ပုဂ္ဂိုလ်များ မ,လိမ့်မည်။

၆။ ပညာထူးရတတ်သည်။

၇။ ဆရာသမား၊ အကြီးအကဲ မ,စလိမ့်မည်။

၈။ အရေးမကြီးသောအကြောင်းအရာကြောင့် စကားများတတ်သည်။

၉။ စက်အသစ်တစ်ခု ဝင်လိမ့်မည်။

၁၀။ အိမ်တွင်ဆွဲထားသော နတ်အုန်းသီး အစို့ပေါက်လိမ့်မည်။

၁၁။ ငွေရှာ၍ လွယ်သောအချိန်ဖြစ်သည်။

၁၂။ ယခုလက်ရှိလုပ်နေသော အလုပ်၌ မပျော်ပိုက်ဘဲရှိလိမ့်မည်။ အမြန်ဆုံးထွက်လိုက်ပါ။

၁၃။ အနှောင့်အယှက်များ ရှိပါသည်။ သို့သော် သင့်ကိုဒုက္ခပေးနိုင်သော အနှောင့်အယှက်များ မဟုတ်ပါ။

၁၄။ အိမ်အနောက်ပိုင်းကို ပြင်ရလိမ့်မည်။ ပြင်ရလျှင်လည်း အလွန်ကောင်းပါသည်။

**လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..**

ထိုကိစ္စ အောင်မြင်နိုင်ပါသည်။

မျက်မှန်နှင့်လူ ကူညီလိမ့်မည်။ ရဲရဲသာလုပ်ပါ။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၁၀။ ကံကြမ္မာလှည်းဘီး

၁။ အပြောင်းအရွှေ့ဖြစ်မည်။ အိမ်ပြောင်း၊ အလုပ်ပြောင်းများ ပေါ်မည်။

၂။ ရေပိုက်များပြင်ရမည်။ ရေနှင့်ပတ်သက်၍ စိတ်ညစ်ရတတ်သည်။

၃။ အိမ်ထောင်ဖက် ဖျားနာမည်။

၄။ ကလေးရှိက အမြင့်မှ လိမ့်ကျတတ်သည်။

၅။ ပညာရေး (သို့) မိန်းမတစ်ယောက်အတွက် သောကရောက်ရတတ်သည်။

၆။ ထူးခြားသောဓာတ်ပုံတစ်ခု ဝင်လာမည်။ ဝင်ပြီးက လူနှစ်ယောက် အိမ်တွင်လာရောက်တည်းခိုမည်။ ကောင်း၏။

၇။ ဆေးရုံတက်၍ ရောဂါတစ်ခု ကုသရတတ်သည်။

၈။ သူတစ်ပါးကို ငွေစိုက်၍ လျော်ရမည်။ ငွေအတွက် စိတ်ပူပန်ရမည်။

၉။ အိုးသစ်အိမ်သစ်ဆောက်ရမည်။ အိမ်ပြင်ရမည်။

၁၀။ ခရီးမထွက်ချင်ဘဲ ခရီးထွက်ရမည်။

၁၁။ မျက်စိ၌ ဥပဒ်ရောက်မည်။ သူတစ်ပါးကိစ္စ မိမိဝင်ပါရမည်။

၁၂။ ရာထူးတက်ခြင်း၊ လာဘ်ရွှင်ခြင်းဖြစ်မည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..</u>**

ထိုကိစ္စ အောင်မြင်ပါလိမ့်မည်။

သို့သော် အပြောင်းအလဲအနည်းငယ် ဖြစ်ပါလိမ့်မည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၁၁။ မနုစာရီ

၁။ လုပ်ငန်းကြီးများပေါ်မည်။

၂။ တစ်စုံတစ်ယောက်နှင့် တရားဆိုင်ရတတ်သည်။

၃။ ရန်ပွဲတစ်ပွဲ ကြုံရမည်။

၄။ အခက်အခဲများရှိသော်လည်း အားလုံးပြေပျောက်သွားမည်။

၅။ မယ်တော်မနုစာရီက မယစလိမ့်မည်။

၆။ လူချီးမွမ်းခံရမည်။ ထီပေါက်မည်။ ကျိန်းသေသလောက်
ရှိသည်။ ထီထိုးဖြစ်အောင်ထိုးပါ။

၇။ နေရာပြောင်းရွှေ့ရတတ်သည်။ ခရီးဝေးသွားရမည်။

၈။ မိတ်ဆွေရင်းတစ်ဦး မိမိကို မကောင်းကြံတတ်သည်။
ဂရုစိုက်ပါ။

၉။ လူလိမ်ခံရကိန်းရှိသည်။ အိမ်တွင်းရေး၌လည်း အဆင်
မပြေဖြစ်တတ်ပါသည်။

၁၀။ အစိုးရ၏ချီးမြှောက်ခြင်းခံရမည်။

၁၁။ မသွားတော့ဘူးလိုလိုနှင့် ခရီးတစ်ခုသွားရမည်။

၁၂။ ငွေအလုံးအရင်းနှင့် ဝင်တတ်သည်။

၁၃။ အလှူအတန်းတစ်ခု မုချလုပ်ရမည်။

**လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..**

ထိုကိစ္စ အောင်မြင်ပါလိမ့်မည်။။

သင့်ဘက်က မှန်ကန်ဖို့ အရေးကြီးပါသည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၁၂။ တွဲလောင်းဆွဲခံရသူ

၁။ လုပ်သမျှ ကိစ္စအားလုံး တိုးလိုးတန်းလန်းဖြစ်နေမည်။

၂။ ငွေများဝင်သော်လည်း အဖတ်မဝင် ဖြစ်မည်။

၃။ နေအိမ်အနီး၌ နာရေးပေါ်မည်။ သွားရောက်ခြင်းမပြုပါနှင့်။

၄။ အငြိမ်နေရသည်မရှိဘဲ လှုပ်ရှားနေရမည်။

၅။ ကျန်းမာရေး တစ်ခုပြီးတစ်ခု ညှံ့မည်။ သွေးထွက်သံယို ဖြစ်မည်။

၆။ မြေအတွက်၊ အမွေအတွက် စကားအကြီးအကျယ် ပြော ရမည်။

၇။ ငွေများ တရစပ်ဝင်မည်။ ဝင်သော် ဗုဒ္ဓဟူးနံကို အကြောင်း ပြုဝင်မည်။

၈။ သူတစ်ပါး၏ အကြောင်းမဲ့ စွပ်စွဲပြောဆိုခြင်းခံရမည်။

၉။ အလှူတစ်ခုလုပ်ရမည်။

၁၀။ မကြာမီ၌ စီးပွားသစ်၊ လုပ်ငန်းသစ် ဖြစ်ဖွယ်ရာရှိသည်။

၁၁။ ဟိုဟာလုပ်ရကောင်းနိုး၊ ဒီဟာလုပ်ရကောင်းနိုးနှင့် အချိန် ကုန်သွားတတ်သည်။

၁၂။ ပစ္စည်းများ ထုခွဲရောင်းချ၍ လုပ်ငန်းသစ်လုပ်လိုစိတ် ပေါ်မည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..</u>**

ထိုကိစ္စ မအောင်မြင်ပါ။

တိုးလို့တန်းလန်းဖြစ်လိမ့်မည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၁၃။ သေမင်း

၁။ လုပ်ငန်းအကြံအစည်အသစ်ပေါ်မည်။
၂။ မြေဝင်မည်။
၃။ ရင်းနှီးသောသူ ဆေးရုံတက်ရမည်။ သွား၍မေးရမည်။
၄။ ဆွေးမျိုးသားချင်းတစ်ဦး ရပ်ဝေး၌ ဆုံးပါးသော သတင်းကို ကြားရမည်။
၅။ အမှုအခင်းဖြစ်ပွား၍ အချုပ်အနှောင်ခံရမည်။
၆။ အလုပ်၌ စိတ်မဝင်စားသကဲ့သို့ ဖြစ်မည်။ အလုပ်ထွက်ချင်စိတ်ပေါ်မည်။
၇။ ငွေရှာဖွေ၍ လွယ်မည်။ ငွေများလည်းဝင်မည်။
၈။ စက်တစ်လုံးဝင်မည်။ ထိုစက်ဝင်ပြီးနောက် ထီပင်ပေါက်တတ်သည်။
၉။ တစ်စုံတစ်ယောက်နှင့် စကားများလိမ့်မည်။ စကားများသောသူ မိမိထက်ကြီးလိမ့်မည်။
၁၀။ ပညာထူးရမည်။ မိတ်ဆွေ၊ ဆရာသမား၊ မ,စလိမ့်မည်။ မ,စမည့်သူမှာ နှစ်ဦးဖြစ်သည်။
အထူးရှောင်ရန်မှာ အသုဘပို့ခြင်း၊ သင်္ချိုင်းမြေနင်းခြင်းကို ယခုမှစ၍ ၅၂ရက်တိတိမလုပ်မိပါစေနှင့်။
၁၁။ ဤအချိန်တွက် ကိုယ်ကျင့်တရား အလွန်အရေးကြီးသည်။ ကိုယ်ကျင့်တရားပျက်လျှင် ရေရှည်ဒုက္ခရောက်သွားလိမ့်မည်။
၁၂။ အမှုဖြစ်နေသူကို ငွေချေးခြင်း၊ အာမခံလိုက်ခြင်း မလုပ်ပါနှင့် လုပ်မိသော် မိမိပါ ဒုက္ခရောက်တတ်သည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..</u>**

ထိုကိစ္စ လုံးဝမအောင်မြင်ပါ။
အပြီးအပိုင် ရပ်ဆိုင်းသွားဖို့ရှိသည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၁၄။ ရေခွက်နှစ်ခွက်

၁။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရမည်။
၂။ အိမ်ပြင်၊ အိမ်ဆောက် ပြုလုပ်ရမည်။
၃။ ရေလမ်းခရီးမှ ဧည့်သည်လာမည်။
၄။ ကားသစ်ဝင်မည်။
၅။ အလုပ်နေရာ၊ အိမ်နေရာ အရွှေ့အပြောင်းဖြစ်သည်။
၆။ မကြာခဏ ခရီးထွက်ရမည်။
၇။ ရတ်တရက် ရာထူးတိုးခြင်း၊ စီးပွားတိုးတက်ခြင်းဖြစ်မည်။
၈။ မိတ်ဆွေတစ်ယောက်အတွက် စိတ်သောကရောက်ရတတ်သည်။
၉။ သမီးရှိသော် အိမ်မှထွက်သွားတတ်သည်။
၁၀။ အိမ်တစ်လုံးထဲတွက် မိသားစုနှစ်စု ပူးပေါင်းနေထိုင်ရမည်။ မကြာမီ အိမ်ပိုင် (သို့) မိမိစိတ်တိုင်းကျ အိမ်ရမည်။
၁၁။ ရင်ဘတ်အောင့်သောရောဂါရမည်။ သားသမီးအတွက် စိတ်သောကရောက်မည်။ ယားနာဖြစ်မည်။ ဆေးမရှာပါနှင့် အလိုလိုပျောက်မည်။
၁၂။ ငွေအစုလိုက်အပုံလိုက်ရမည်။ (၂၄)ရက်အတွင်း ဝင်လာမည်။
၁၃။ မိမိသုံးသောစက် ပျက်မည်။ ရောင်းမပစ်ပါနှင့်။ ပြင်၍သုံးပါ။ အကျိုးရှိလိမ့်မည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမှု ..</u>**

ထိုကိစ္စ အောင်မြင်နိုင်ပါသည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၁၅။ တစ္ဆေ

၁။ အချစ်ရေး၊ အိမ်ထောင်ရေး ပြဿနာပေါ်တတ်သည်။

၂။ လေထိုးလေအောင့်ဖြစ်မည်။

၃။ စကားများကိန်းရှိသည်။

၄။ ယခုနေသောနေရာ၌ မြေမသန့်ပါ။ အိမ်နှင့်မလှမ်းမကမ်း နေရာ၌ တစ္ဆေသရဲရှိသည်။

၅။ ထူးခြားသော ရုပ်ထုတစ်ခု ရောက်လာတတ်သည်။ ရောက်လာပြီးနောက် စနေသားတစ်ဦးထံမှ လာဘ်လာဘ ရမည်။

၆။ မမျှော်လင့်ဘဲ မိတ်ဆွေကောင်းတစ်ဦး ရရှိလိမ့်မည်။ ထို့အတူ ဘဝတစ်ခုလုံးအတွက် အသုံးဝင်သော ပညာလည်း ရမည်။

၇။ အောက်လက်ငယ်သား ဒုက္ခပေးတတ်သည်။

၈။ မျက်စိနာမည်။

၉။ ပစ္စည်းပျောက်မည်။ ခရီးထွက်ရမည်။

၁၀။ ဆေးဖိုးဝါးခအဖြစ်လည်းကောင်း၊ သူတစ်ပါးကို ကူညီရန် အတွက်လည်းကောင်း ငွေထွက်မည်။

၁၁။ တိုးတက်မှုများ ကြုံတတ်ပါသည်။ မည်သည့်ကိစ္စ၌မဆို နှုတ်ဆိတ်နေရန် အရေးကြီးပါသည်။

၁၂။ အလုပ်ထွက်ရန်၊ ပြောင်းရန် အကြောင်းပေါ်လာမည်။

**လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..**

ထိုကိစ္စ ပျက်သွားပါလိမ့်မည်။

မအောင်မြင်နိုင်ပါ။ **တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၁၆။ မျှော်စင်

၁။ သွားမည့်ခရီးသည် တစ်ခါတည်းနှင့် အထမမြောက်နိုင်ပါ။
၂။ အကြံအစည်ပျက်ပြားမှု၊ လုပ်ငန်းဆုံးရှုံးမှုများ ပေါ်မည်။
၃။ သွပ်၊ သံ၊ သစ်ကိစ္စကြောင့် စိတ်ညစ်ရတတ်သည်။
၄။ အပျက်အစီး အဆုံးအရှုံးများမည်။
၅။ ဆရာတုဆရာယောင်နှင့် တွေ့တတ်သည်။ ထိုသူ၏ အမည်မှာ တနင်္လာစာလုံးပါမည်။
၆။ အိမ်တွင်းရေး မသာမယာဖြစ်မည်။
၇။ အိမ်သို့ ဆွေမျိုးဧည့်သည် ညအိပ်ရောက်လာမည်။ ၎င်း ရောက်လာခြင်းကို လက်ခံရမည်။
၈။ ငွေသည် ကြံဖန်၍ ကုန်စရာများပေါ်ပြီး ကုန်မည်။
၉။ ရုတ်တရက် ခါးမျက်၊ ခါးနာပေါ်မည်။
၁၀။ မိတ်ဆွေတစ်ဦး မိမိအပေါ်၌ အထင်လွဲလိမ့်မည်။
၁၁။ မုဆိုးဖို၊ မုဆိုးမတစ်ဦးဦး အိမ်သို့ လာရောက်တည်းခိုမည်။ ထို့နောက် အမှုဖြစ်တတ်သည်။
၁၂။ အလုပ်၌ ရန်ပေါ်မည်။
၁၃။ ဘုရားဖူးခရီးထွက်လိုက်လျှင် အကောင်းဆုံးဖြစ်သည်။
၁၄။ အိမ်တွင် မီးလန့်တတ်သည်။ သတိမထားပါက အဖိုးတန်ပစ္စည်းများ ဆုံးရှုံးမည်။
၁၅။ ယခင်နှစ်ကကျန်ခဲ့သောပစ္စည်းများ ယခုနှစ်ဆက်၍ ထွက်မည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..</u>**

ထိုကိစ္စ လုံးဝမဖြစ်နိုင်ပါ။
သင်၏အကြံအစည်များ တစ်စစီပျက်စီးသွားပါလိမ့်မည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၁၇။ ခူဝံကြယ်

၁။ နာမည်ကြီးထမင်းငတ်ဆိုသကဲ့သို့ဖြစ်မည်။
၂။ အိမ်၌ လျှပ်စစ်ရှော့ဖြစ်လိမ့်မည်။
၃။ ကြွေးကိစ္စ စကားအချေအတင်ပြောရတတ်သည်။
၄။ ကျား–သွားရောဂါဒုက္ခပေးမည်။ မ–သွေးရောဂါ ဒုက္ခပေးမည်။
၅။ လူပွေလူရှုပ်များ အိမ်သို့ရောက်လာမည်။ ရောက်လျှင် နှစ်ကြိမ်ရောက်မည်။
၆။ မိတ်ဆွေကောင်းနှစ်ဦး တစ်ပြိုင်တည်းရမည်။
၇။ ထူးဆန်းသော အသိပညာထူးတစ်ခုရမည်။
၈။ စိတ်ညစ်စရာ နှစ်ကြိမ်ပေါ်မည်။
၉။ ခရီးမထွက်ချင်ဘဲ နှစ်ကြိမ်ထွက်ရမည်။
၁၀။ ငွေများဝင်လျက် ကြွေးတင်နေမည်။ ကြီးကြီးမားမား ပေးဆပ်ရန် ကြွေးနှစ်ခုရှိမည်။
၁၁။ နာမည်အလွန်ကြီးသွားမည်။ ကောင်းသောကြီးခြင်းဖြစ်မည်။
၁၂။ မိမိလုပ်သောအလုပ်တွင် နှစ်ကြိမ်ဆုံးရှုံးမှုဖြစ်မည်။
၁၃။ တစ်အိမ်သားလုံးကျန်းမာရေး ညံ့မည်။
၁၄။ ဆေးရုံ၊ ဆေးခန်းတက်ရောက်ကုသရခြင်းအထိ ကျန်းမာရေးညံ့မည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်ပါမူ ..</u>**

ထိုကိစ္စ အောင်မြင်နိုင်ပါသည်။

ထင်ထင်ရှားရှား အောင်မြင်ပါလိမ့်မည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၁၈။ လမင်းစန္ဒာ

၁။ အိမ်ကိစ္စ ပြဿနာပေါ်မည်။
၂။ သားသမီးတစ်ဦးဦးအတွက် စိတ်ညစ်ရမည်။
၃။ လောင်းကစားလုပ်သူဆိုပါက ဒုက္ခရောက်တော့မည်။ ရပ်ထားပါ။
၄။ ခရီးဝေးသွားရလိမ့်မည်။ သွားရမည့်ခရီးမှာ တောင်စူးစူးဖြစ်မည်။ နိုင်ငံရပ်ခြားခရီးလည်းဖြစ်မည်။
၅။ မိမိနေသောအရပ်တွင် တွေ့နေကြဆိုင်းဘုတ်တစ်ခု ဖြုတ်ချလိုက်၍ မတွေ့တော့ဘဲရှိမည်။ ဤသို့ဖြစ်လျှင် မုဆိုးမတစ်ဦးကို မိမိထိုးလိုသော ဂဏန်းပြော၍ ထီထိုးခိုင်းပါ။ ထီပေါက်မည်။
၆။ ဘုရားရုပ်တုတော်၊ ဆင်းတုတော် ကြွလာမည်။
၇။ ဘာသာရေးသမားများ အဝင်အထွက်လုပ်လာမည်။ လက်ခံပါ။
၈။ ငွေများဝင်သော်လည်း ထွက်စရာဆက်တိုက်ပေါ်မည်။ ခြေထောက်နာမည်။
၉။ အိုးသစ်အိမ်သစ်ပြောင်းရကိန်းပေါ်မည်။ (သို့)အိမ်ပြင်ရမည်။
၁၀။ မီးဖိုဘက်တွင် မီးလန့်ခြင်း၊ တစ်စုံတစ်ယောက်ကို အပူလောင်ခြင်းဖြစ်မည်။ ဤသို့ဖြစ်သော် မိမိ၏အဝတ်ဟောင်းတစ်ထည်ကိုစွန့်ပစ်ပြီး ထီထိုးပါ။ ၁၀ပုံ ၁ပုံလှူပါမည်ဟု အဓိဋ္ဌာန်ပြုပါ။

**လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..**

ထိုကိစ္စ မအောင်မြင်နိုင်ပါ။
ဆက်လုပ်လျှင် မျက်ရည်ကျဖို့ရှိပါသည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၁၉။ နေသူရိန်

၁။ ပညာထူးချွန်မည်။

၂။ စပ်တူလုပ်ငန်းလုပ်ရမည်။ အောင်မြင်မည်။

၃။ အချစ်ရေးကံကောင်းသည်။ အိမ်ထောင်ရေး ပို၍ကံကောင်းပါသည်။

၄။ ဆွေးမျိုးကို အကြောင်းပြုပြီး လင်မယားစိတ်ကောက်ရခြင်းရှိသည်။

၅။ အောင်မြင်မည့်ကာလဖြစ်မည်။ ဘာကိုပဲလုပ်လုပ် ရဲရဲလုပ်ပါ။

၆။ ရပ်ဝေးခရီးရှိသည်။

၇။ မုချ တိုးတက်ခြင်းဖြစ်သည်။

၈။ မမျှော်လင့်သောသူထံမှ အကူအညီရမည်။

၉။ ယခုအခါ အောင်မြင်ခြင်းသည် ကြီးမားသော အောင်မြင်ခြင်းဖြစ်သည်။

၁၀။ ငွေ(၇)ဂဏန်းဆုံးရှုံးတတ်သည်။

၁၁။ စွန့်စားရသော လုပ်ငန်းများကိုလည်း လုပ်နိုင်ပါသည်။

၁၂။ ပြည်တွင်းပြည်ပခရီးများသွားရလိမ့်မည်။

၁၃။ လုပ်ချင်သောလုပ်ငန်းကို ရဲရဲသာလုပ်ပါ။ မုချအောင်မြင်မည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..</u>**

ထိုကိစ္စ မုချအောင်မြင်ပါလိမ့်မည်။။

ပျော်ရွှင်မှုနှင့် အဆုံးသတ်ပါလိမ့်မည်။

**တတိယမျက်လုံး ဒရမ်ဆာလာ**

http://cyberbooks.myanmarchat.org

## ၂၀။ ရှင်ပြန်ထမြောက်

၁။ ရပ်ဝေးရောက်နေသော အိမ်သားတစ်ဦး ပြန်ရောက်လာလိမ့်မည်။
၂။ မိမိအထက်အရာရှိတစ်ဦး ပြောင်းရတော့မည်။ ရက်ပိုင်းသာလိုတော့သည်။
၃။ ယခုမှ နှစ်လကျော်လျှင် စီးပွားအလွန်တက်မည်။ တစ်စုံတစ်ဦး ကလေးမွေးဖွားသောသတင်းကြားရလျှင်လည်း စီးပွားတက်တတ်ပါသည်။
၄။ ဆွေမျိုးထဲမှ အမျိုးသမီးကြီးတစ်ဦး၏ အကူအညီကိုရမည်။
၅။ ရွှေဝင်မည်။
၆။ လက်တွဲရန် အဖော်ကောင်းရမည်။
၇။ ဘုရားဖူးခရီးသွားရတတ်သည်။ (သို့မဟုတ်) မွန်မြတ်သောခရီးကို ဆိုလိုပါသည်။
၈။ ရပ်ဆိုင်းထားသောလုပ်ငန်းများ ပြန်လည်ရှင်သန်လာမည်။
၉။ နာမည်ဂုဏ်သတင်းများ နေ့ချင်းညချင်း တိုးတက်လာမည်။
၁၀။ မျှော်လင့်ထားသော အကြောင်းအရာအားလုံး လက်ဝယ်ပိုင်ပိုင်ရရှိမည်။
၁၁။ ထူးခြားသော စာအုပ်တစ်အုပ် ဖတ်ရမည်။ ထိုစာအုပ်မှ အကြံသစ်ဉာဏ်သစ်ရရှိမည်။
၁၂။ ဉာဏ်မကွန့်ပါနှင့်။ ရိုးရိုးသားသားလုပ်ပါ။ မုချအောင်မြင်မည်။

**လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..**

ထိုကိစ္စ မုချအောင်မြင်ပါလိမ့်မည်။
အစပထမတွင် မအောင်မြင်သကဲ့သို့ဖြစ်နေပြီး နောက်ဆုံး၌ အောင်မြင်ပါလိမ့်မည်။ **တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၂၁။ ကမ္ဘာလောက

၁။ နိုင်ငံရပ်ခြားနှင့်ဆိုင်သောကိစ္စများပေါ်မည်။ အောင်မြင်မည်။

၂။ ကိုးကွယ်သောနတ်များ မ,တော်မူမည်။

၃။ သိုလှောင်ပစ္စည်းမြတ်မည်။

၄။ အစွပ်စွဲခံရကိန်းရှိသည်။ သတိပြုပါ။

၅။ မင်းစိုးရာဇာဂုဏ်ပြုလိမ့်မည်။

၆။ သိကြားမ,သကဲ့သို့ ရုတ်တရက် ကြီးပွားချမ်းသာသွားမည်။

၇။ ရွှေ့ရေးအတွက် ဘာမှမပူပါနှင့် အားလုံးကောင်းပြီဟု နားလည်ပါ။

၈။ ယခုနေသောနေရာမှလည်း ပြောင်းရွှေ့ရကိန်းရှိသည်။ ပို၍ ကောင်းသောနေရာသို့ ရောက်မည်။

၉။ ပူပင်သောက အားလုံးကို မေ့ပစ်လိုက်ပါတော့။

၁၀။ စိတ်ချမ်းသာမှုများ၊ တိုးတက်မှုများ တစ်ခုပြီးတစ်ခုရှိမည်။

၁၁။ ကြံစည်ထားသော အကြံအစည်များ ဆုတ်ဆိုင်းခြင်းမရှိ အားလုံးအဆင်ပြေသွားမည်။

၁၂။ ထီပေါက်ကိန်းရှိသည်။ ပေါက်သော် သတိထားပါ။ အိမ်သူအိမ်သားတစ်ဦးဦး ရုတ်တရက် နာမကျန်းကြီးစွာ ဖြစ်တတ်သည်။

**<u>လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..</u>**

ထိုကိစ္စ မုချအောင်မြင်မည်။ ရဲရဲသာလုပ်ပါ။

ထိုကိစ္စအောင်မြင်ပြီး ရက်အနည်းငယ်အတွင်း၌ သင်ခရီးထွက်ရလိမ့်မည်။ **တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

## ၂၂။ အရှုး

၁။ လုပ်ငန်းများရှေ့သို့မတိုးဘဲနှောင့်နှေးနေမည်။

၂။ အရောင်းအဝယ်သမားဖြစ်ပါက အရောင်းအဝယ် မကောင်းပါ။

၃။ အိမ်သို့ အရက်ပုလင်းများ ရောက်လာတတ်သည်။ အမြန်ဆုံး ပြန်၍ထုတ်ပစ်ပါ။

၄။ နားအူ၍နေမည်။ အမြန်ဆုံးကုသပါ။ ပျောက်ကင်းမည်။

၅။ ခရီးတိုများ ဆက်တိုက်သွားနေရမည်။

၆။ အမှုအခင်း ဖြစ်ပွားတတ်သည်။

၇။ ကိုယ်ခန္ဓာ၏ ဘယ်ဘက်ခြမ်း မကြာခဏအောင့်မည်။

၈။ သက်ကြီးရွယ်အိုများ အိမ်၌ လာရောက်မတည်းခိုမိရန် သတိပြုပါ။ တည်းခိုမိပါက ထိုသက်ကြီးရွယ်အို အိမ်၌ ဆုံးပါးသွားတတ်သည်။

၉။ လောကခံတရား၏ မတရားညဉ်းပန်းနှိပ်စက်မှုကို ခံရတော့မည်။ အံကြိတ်ပြီးသာခံပေတော့။

၁၀။ ဘာတစ်ခုမှ ကောင်းကွက်မရှိပါ။

**လတ်တလောကိစ္စအတွက် မေးမြန်းပါမူ ..**

ထိုကိစ္စ မေ့လျော့ပစ်လိုက်ပါ။

အောင်မြင်ရန် လမ်းလုံးမရှိပါ။

**တတိယမျက်လုံး ဒရမ်ဆာလာ**



http://cyberbooks.myanmarchat.org

http://cyberbooks.myanmarchat.org

# မော်တယ်လိန်း၏ ကျေးဇူး

ကျွန်ုပ်သည် အင်္ဂလိပ်ဝေဒမဂ္ဂဇင်းဟု ကျွန်ုပ်အမည်ပေး ထားသော 'ပြီဒေးရှင်း' စာအုပ်များကို ရတတ်သမျှရှာဖွေ၍ တားရှေ့ ဆောင်းပါးများကို ထုတ်နုတ်၍ မှတ်စုပြုလုပ်၏။ ထိုမဂ္ဂဇင်တွင် တား ရှေ့ အကြောင်းကို စေ့စေ့စပ်စပ်ရေးသော စာရေးဆရာမှာ 'မော်တယ် လိန်း မော်တယ်ဗန်' ဖြစ်၏။ ကျွန်ုပ်သည် ထိုစာရေးဆရာကို အတို ကောက် 'မော်တယ်လိန်း' ဟုပင် ခေါ်လေ့ရှိ၏။

မော်တယ်လိန်း၏ ဆောင်းပါးများကို ကျွန်ုပ်သည် မှတ်စု များ ထုတ်နုတ်ကာ အသုံးပြုခဲ့၏။ သူ၏ဆောင်းပါးများတွင် တား ရှေ့ကတ်များကို အဆောင်များအဖြစ်လည်းကောင်း၊ ယတြာများ အဖြစ်လည်းကောင်း အသုံးပြုသည်ကို ဖတ်ရှုရလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း တားရှေ့များကို ကူးယူ၍ အဆောင်များအဖြစ်ပေး၏။ ယတြာများ လုပ်ပေး၏။ ဥပမာအားဖြင့် ဆိုရသော် ငွေရေးကြေးရေး



http://cyberbooks.myanmarchat.org

အခက်အခဲတွေ့နေသူအား 'FIVE OF WANDS' ခေါ် တုတ်ငါးချောင်းကတ်ပြားကို ဆောင်ရိုင်းခြင်း၊ နေထိုင်မကောင်းဖြစ်နေသူအား 'STRENGTH' ခေါ် 'စွမ်းအားရှင်' ကတ်ပြားကို ဆောင်ရိုင်းခြင်း၊ ရောဂါဖြစ်နေ သည့် နေရာကို ထိုကတ်ပြားဖြင့် ထိရိုင်းခြင်း စသောအကြောင်းအရာ များကို တွေ့ရ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ၎င်း၏ဆောင်းပါးအတိုင်း အသုံးပြုခဲ့၏။ အလွန်ထူးခြား၏။ ထို့ကြောင့် ကျွန်ုပ်သည်–

"တားရှော့ဟောတဲ့ တားရှော့ဆရာလည်း အဆောင်တစ်ခုတော့ လိုတာအမှန်ပဲ" ဟု စဉ်းစားမိသည့်အလျောက် နိမိတ်ကောင်းစွာထင်စေသောကတ်ပြားကို ရွေးချယ်ရ၏။

ထိုကတ်ပြားမှာ 'PAGE OF CUP' ခေါ် 'ခွက်လုလင်' ကတ်ပြားဖြစ်၏။ ကျွန်ုပ်သည် ခွက်လုလင်ကတ်ပြားကို ဓာတ်ပုံရိုက်ယူ၍ တားရှော့ဟောသောအခါ အဆောင်အဖြစ် ကျွန်ုပ်၏ အိတ်ထဲတွင်ထည့်ထားလေတော့၏။ ထိုသို့ ထည့်ထားပြီးခါမှ ပို၍အောင်မြင်စွာဟောနိုင်ကြောင်း တွေ့ရလေတော့၏။

ထို့ကြောင့် ကျွန်ုပ်ပြောလိုသည်မှာ တားရှော့ ဟောမည့်သူသည် မိမိကြိုက်နှစ်သက်ရာ ကတ်ပြားတစ်ခုကို ကူးယူ၍ အိတ်၌ဆောင်ထားရမည်ဖြစ်၏။ ဤသို့အကြံပေးခြင်းမှာ ကျွန်ုပ်၏ ကိုယ်တွေ့ဖြစ်သော အကျိုးကျေးဇူးကို ဝေမျှပေးခြင်းပင် ဖြစ်၏။ သို့မဟုတ် 'ကျွန်ုပ်၏ ဂမ္ဘီရလက်ဆောင်'ပင် ဖြစ်ပေတော့သတည်း။

***



http://cyberbooks.myanmarchat.org

# တားရှော့နှင့်ထွက်ရပ်ကျင့်စဉ်

ကျွန်ုပ်သည် အကြောင်းတစ်ခုနှင့် လူသူအဆက်ပြတ်သော နေရာတစ်ခုသို့ရောက်ရှိသွား၏။ ထိုနေရာသို့ ရောက်ရှိသွားသော်လည်း ကျွန်ုပ်၌ တားရှော့ပါသွား၏။ ကျွန်ုပ်သည် တားရှော့ကိုသာ အဖော်ပြုနေရ၏။ တစ်ခုသော ခရစ်စမတ်ညတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ တားရှော့များကို ဖြန့်ခင်း၍ စေ့စေ့စပ်စပ် ကြည့်၏။

ထိုအခါ၌ တားရှော့များသည် ကျွန်ုပ်အား ထူးထူးဆန်းဆန်း စကားများကို ဆိုလေတော့၏။ ထိုစကားမှာ 'ဂန္ဓာရီ စကား' ဖြစ်၏။ သို့မဟုတ် 'ဂန္ဓာရီ ကျင့်စဉ်' ပင်ဖြစ်၏။ ထိုကျင့်စဉ် တစ်ခုလုံးကို ကျွန်ုပ်သည် ဤအမှာစာ၌ ဖော်ပြနိုင်ခြင်းမရှိပါ။ သို့သော် အရိပ်အမြွက်ကိုမူ ဖော်ပြရပေမည်။



http://cyberbooks.myanmarchat.org

### (၁) မှော်ဆရာ

ကျင့်စဉ်ကို ကျင့်ရန် သစ္စာပြုရမည်။ လက်ကို မြှောက်၍ လောကကို ကြွေးကြော်ရမည်။

### (၂) မယ်တော်ကြီး

ပီယသိဒ္ဓိကို ဆောင်ရွက်ရမည်။ သို့မဟုတ် မေတ္တာပွားရမည်။

### (၃) ကေရိဘုရင်မ

ကျင့်စဉ်သို့ ဒုတ်ဒုတ်ထိ သွားရမည်။ ကြီးပွားချမ်းသာအောင် လုပ်ရမည်။ စီးပွားကောင်းစွာ ရှာရမည်။ ထိုသို့ ပြုလုပ်မှသာလျှင် ကျင့်စဉ်သို့ဝင်ရောက်ရာ၌ နောက်ပိုင်းတွင် ကျန်ခဲ့သော မိသားစုအား လုံလုံလောက်လောက် ပေးကမ်းထားခဲ့နိုင်မည် ဖြစ်၏။ (ဓနသဒ္ဓိ စခန်းဖြစ်၏။)

### (၄) ကေရာဇ်ဘုရင်

ကျင့်စဉ်အတွက် ချမှတ်ထားသောစည်းကမ်းများကို တိကျစွာ လိုက်နာရမည်။ ရှေးဘုရင် မင်းမြတ်များ တည်ထားခဲ့သော စေတီတော်များတွင် သွားရောက်၍ အဓိဋ္ဌာန်လုပ်ရမည်။



http://cyberbooks.myanmarchat.org

## (၅) ဘုန်းကြီး

ယောကျာ်းဖြစ်က ဒုလ္လဘ ဝတ်ခြင်း၊ မိန်းမဖြစ်က သီလရှင်များ ပြုလုပ်၍ အဓိဋ္ဌာန်များ ဝင်ဖူးရမည်။

## (၆) ချစ်သူနှစ်ဦး

ပီယသိဒ္ဓိ အားကောင်းလာသောအခါ၌ ယောကျာ်းဆိုလျှင် မိန်းမအနှောင့်အယှက် တွေ့တတ်သည်။ မိန်းမဆိုလျှင်လည်း ယောကျာ်းအနှောင့်အယှက် တွေ့တတ်သည်။ အထူးသတိထားရမည်။ မေတ္တာတရားဆိုရာ၌ ဖြူစင်သော မေတ္တာဘာ က်ကို ဦးတည်ရမည်။

## (၇) စစ်ရထား

ကျင့်စဉ် ကျင့်နေစဉ်အတွင်း အနှောက်အယှက် တွေ့တတ်သည်။ စိတ်ဓာတ်ကျ၍မဖြစ်၊ စစ်သူရဲကောင်းတစ်ဦး စစ်တိုက်သကဲ့သို့ အနှောင့်အယှက်ကို ရင်ဆိုင်ရမည်။

## (၈) ခြသေ့ကို ဖမ်းထားသောမိန်းမ

ထိုအဆင့်တွင် သိဒ္ဓိအချို့ ရောက်ရှိလာမည်ဖြစ်ပြီး ထိုသိဒ္ဓိများကို တလွဲနေရာတွင် မသုံးဘဲ ထိန်းထိန်းချုပ်ချုပ် ရှိစေရမည်။

## (၉) ရသေ့

အိမ်ရာကို စွန့်ခွာ၍ ကျင့်စဉ်ကို ကျင့်ရန် သစ္စာပြုရမည်။



http://cyberbooks.myanmarchat.org

## (၁၀) ကံကြမ္မာ ရဟတ်ဘီး

ကျင့်စဉ်၏ သတ္တိကြောင့် စီးပွားရေးအခြေအနေများ တိုးတက်လာမည် ဖြစ်သည်ကို သိရမည်။ သို့ရာတွင် ထိုတိုးတက်ကြီးပွားလာခြင်းက မိမိအား ဖြားယောင်းပြီး ကျင့်စဉ်နှင့် ကင်းကွာအောင် ပြုလုပ်လိမ့်မည် ဖြစ်သည်ကိုလည်း အထူးသတိထားရမည် ဖြစ်၏။

## (၁၁) တရားတစ်ဖက် ဓားတစ်လက် (သို့မဟုတ်) မနုစာရီ

မိမိကျင့်နေသော ကျင့်စဉ်တွင်အကောင်းရောအဆိုးပါ ပြွမ်းတီးနေပြီဖြစ်သည်ကို သိထားရမည်။ ဆိုလိုသည်မှာ ချို့ယွင်းချက်များ ပါနေပြီကို သိရမည်။ ထိုချို့ယွင်းချက်များကို ဖယ်ရှားပစ်ရမည်။

## (၁၂) ဇောက်ထိုးတွဲလောင်း ဆွဲထားသောသူ

ကျင့်စဉ် လမ်းကြောင်းပေါ်သို့ အပြီးအပြတ် မရောက်သေးသော်လည်း လေးပုံသုံးပုံခန့် ရောက်နေပြီဖြစ်၏။ ထိုအချိန်၌ မိမိ၏ အတွေးအကြံများသည် အခြားလူများနှင့် မတူဘဲ ပြောင်းတိပြောင်းပြန် ဇောက်ထိုးမိုးမျှော် ဖြစ်နေတတ်၏။ ဤအဖြစ်ကို နားလည်ရမည်။

## (၁၃) သေမင်း

လက်ရှိဘဝကို စွန့်ခွာ၍ ကျင့်စဉ်ကို အပြီးအပြတ် ကျင့်ရန်ထွက်သွားရမည်။ သေဆုံးသူသကဲ့သို့ အားလုံးနှင့် အဆက်ဖြတ်၍ ထွက်သွားရမည်။ မိမိကိုယ်မိမိလည်း သေလူဟု သဘောထားရမည်။ တောထွက်ရမည်။ သို့မဟုတ် ဂန္ဓာရီ ထွက်ရမည်။



http://cyberbooks.myanmarchat.org

## (၁၄) ရေအိုးနှစ်လုံး

မိမိသည် အသွင်ပြောင်းသွားပြီ ဖြစ်၏။ ယခင်အိမ်၌ နေစဉ်က ဦးဖြူဟု ဆိုငြားအံ့။ တောထွက်လာသောအခါတွင် ဦးဖြူ မရှိတော့ပေ။ ဦးဖြူဘ ဝမှ ပြောင်းသွားပြီ ဖြစ်၏။ ဦးဖြူဘ ဝနှင့် ပြောဆိုဆက်ဆံနေထိုင်မှုများကို ရှောင်ရှားရမည် ဖြစ်၏။

## (၁၅) တစ္ဆေ

အိမ်ရာကိုစွန့်၍ ထွက်လာခါမှပင် ယောကျ်ားဆိုလျှင်လည်း မိန်းမအနှောင့်အယှက်၊ မိန်းမဆိုလျှင်လည်း ယောကျ်ားအနှောင့်အယှက် (သူယောင်ထီး၊ သူယောင်မများကဲ့သို့) ကာမဂုဏ်ကိစ္စများ တွေ့တတ်သည်။ ထိုသို့ တွေ့လျှင် ကျင့်စဉ်သမားများ 'တစ္ဆေနှင့် တွေ့သကဲ့သို့' ထိတ်လန့်ဖွယ်ရာ ဖြစ်တော့၏။ မရှောင်လျှင် ကျင့်စဉ်ပျက်တော့၏။

## (၁၆) မိုးကြိုးမှန်သော ရဲတိုက်

အိမ်ရာကို စွန့်၍ ကျင့်နေစဉ်အတွင်း ကျင့်၍မဖြစ်အောင် အနှောင့်အယှက်ပင် ဖြစ်တတ်၏။ ကျင့်စဉ်ကို ပစ်၍ အိမ်သို့ ပြန်လာချင်စိတ်များပင် ဖြစ်တတ်၏။ အထူးသတိပြု၍ တောင့်ခံရမည် ဖြစ်၏။



http://cyberbooks.myanmarchat.org

## (၁၇) ရှုဝံကြွယ်

နာမည်ထွက်လာလိမ့်မည်။ ဘိုးတော်ဖြစ်ပြီး၊ ကိစ္စပြီးသွားပြီ စသည်ဖြင့်နာမည်ထွက်လာတတ်၏။ လူများကလည်း 'ဝိဇ္ဇာ' ဟု သမုတ် တတ်၏။ သမုတ်ရုံ သမုတ်ခြင်းဖြစ်၏။ တကယ်မဖြစ်သေးပါ။ ထိုအချိန်၌လည်း ပျက်တတ်သေး၏။ အထူး သတိထားရမည် ဖြစ်၏။ ကျင့်စဉ်တွင် အခြောက်တရားနှင့် ဖျက်ဆီး၍ မရလျှင် အမြောက်တရားနှင့် ဖျက်ဆီးတတ်၏။ ယခု နံပါတ် ၁၇ ကျင့်စဉ်မှာ အမြောက်တရားနှင့် ဖျက်ဆီးခြင်း ဖြစ်၏။

## (၁၈) သွေးထွက်သော လမင်း

နာမည်ထွက်လာလျှင် လူဝိုင်းတတ်၏။ ကျင့်စဉ်ကို ကျင့်နေသူသည် 'လူတွေ့လျှင် ဂူရှေ့' ဆိုသည့်အတိုင်း လူကိုရှောင်ရမည်ဖြစ်၏။ ထိုအဆင့်မှာ အိမ်ရာကိုစွန့်၍ ကျင့်နေစဉ်အတွင်း ထပ်၍တိုးလာသော လူများ၊ မိတ်ဆွေများကို အပြီးအပိုင် စွန့်ရန်ဖြစ်၏။ နေရာရွှေ့ရန် ဖြစ်၏။ နက်သည်ထက်နက်သော၊ ခေါင်သည်ထက် ခေါင်သောတောသို့ ဝင်ရန်ဖြစ်၏။

## (၁၉) နေမင်း၏ သားတော်

ကျင့်စဉ်အောင်သွားသော အချိန်ဖြစ်၏။ ကျင့်စဉ် ကျင့်သော သူသည် ထိုအချိန်၌ ယခုဘ ဝမှသေပြီး နောက်ဘ ဝတွင် ကလေးသူငယ်အဖြစ် ဝင်စားသကဲ့သို့ နေရမည်ဖြစ်၏။ ထို့ကြောင့် ထိုပုံ၌ ကလေးသူငယ်ပုံနှင့် ဖော်ပြလေ့ရှိ၏။



http://cyberbooks.myanmarchat.org

## (၂၀) ကမ္ဘာလောက

ကျင့်စဉ် အောင်မြင်သွားပြီဖြစ်၍ သိဒ္ဓိများ ရရှိသွားပြီ ဖြစ်၏။ ကမ္ဘာအရပ်ရပ်သို့ သွားနိုင်ပြီဖြစ်၏။ ကမ္ဘာအရပ်ရပ်မှ ဂမ္ဘီရပညာများကိုလည်း ထပ်မံလေ့လာလိုက လေ့လာနိုင်၏။ ဥပမာအားဖြင့် ဆိုရသော် လူတစ်ယောက်သည် ဘီ အေအောင်သွားပြီ ဆိုပါစို့။ သူသည် ဘီ အေဖြစ်သွား၏။ ဘီ အေတစ်ယောက် တတ်ရမည့် အတတ်များ တတ်သွား၏။ ထိုနေရာ၌ မြန်မာဘီ အေ၊ ကုလားဘီ အေ၊ တရုတ် ဘီ အေဟု ခွဲခြား၍ မဖြစ်တော့။ ထို့အတူ 'ဝိဇ္ဇာ' ဖြစ်သွားခြင်းမှာလည်း ဝိဇ္ဇာဖြစ်သွားခြင်းသာ ဖြစ်၏။ မြန်မာဝိဇ္ဇာ၊ ကုလားဝိဇ္ဇာ၊ တရုတ်ဝိဇ္ဇာဟု သီးခြားပြောရန် မဖြစ်တော့။ ကမ္ဘာလောကနှင့် ဆက်စပ်သွားပြီ ဖြစ်၏။

## (၂၁) ရှင်ပြန်ထမြောက်ခြင်း

သေ၍ သင်္ချိုင်းကုန်းတွင် မြှုပ်နှံထားသူများပင် ကောင်းကင်မှ နတ်တမန်တို့က တံပိုးခရာမှုတ်လိုက်သောအခါတွင် ပြန်လည်ရှင်သန်ထမြောက်လာခြင်း ဖြစ်၏။ လူ့လောကတွင် လူအဖြစ်မှ ပျောက်ကွယ်သွားပြီး ယခုအဆင့်က လူ့လောကသို့ ပြန်ဝင်လာခြင်းဖြစ်၏။ ဤအဆင့်ကို ဂန္ဓာရီလောကတွင် 'ပြည်တော်ဝင်သည်' ဟုဆို၏။ နံပါတ်(၁၃)သေမင်းတွင် ထွက်၍ နံပါတ်(၂၁)ရှင်ပြန်ထမြောက်ခြင်းတွင် ပြန်၍ဝင်လာ၏။ ထွက်ခြင်းနှင့် ဝင်ခြင်းတွင် အဆင့်ရှစ်ဆင့်ပါ၏။ ရှစ်ဂဏန်းမှာ ဂမ္ဘီရလောက၏ ထူးဆန်းသော ဂဏန်းတစ်ခုပင်ဖြစ်၏။ သို့မဟုတ် ဂန္ဓာရီဂဏန်းပင် ဖြစ်၏။



http://cyberbooks.myanmarchat.org

## (၂၂) အရှူး

တန်ခိုးသိဒ္ဓိရှိလာသော လူတစ်ယောက်အား လူအများသည် ဝိုင်းဝန်းချဉ်းကပ်ကြမည်ဖြစ်၏။ ထို့ကြောင့် လူအများ မချဉ်းကပ်စေရန်အတွက် အရူးတစ်ယောက်ကဲ့သို့သာ နေထိုင်ရမည်ဖြစ်၏။ တစ်ခါတစ်ရံ၌ ပုဂ္ဂိုလ်ထူးများသည် အရူးဟန်ဆောင်၍ မြို့ထဲ၊ ရွာထဲသို့ ဝင်လာသည်ကို ကြားဖူးကြပေမည်။ ထိုအဆင့်ကို ဂန္ဓာရီစခန်း၌ 'အရူး စခန်း'၊ 'အထူးစခန်း' ဟု ခေါ်၏။ 'အရူးစခန်း' တွင် မနေချင်ပါမူ 'အထူးစခန်း'ရှိ၏။ အထူးစခန်းမှာ 'မဟာမြိုင်' (ခေါ်) ရှမ်ဘဲလား (ခေါ်) ရှမ်ဂရီလာ တွင်သွားရောက် နေထိုင်ရန်သာ ရှိတော့၏။

စာဖတ်သူများ ဤစာကိုဖတ်နေသည့်အချိန်၌..

ကျွန်ုပ်သည် အိမ်ရာကို စွန့်၍ ဂန္ဓာရီစခန်းထွက်ပြီး ပြန်ရောက်လာပြီ ဖြစ်၏။

တားရော့နှင့် ဂန္ဓာရီကျင့်စဉ်လမ်းကို ကျွန်ုပ်သည် စာဖတ်သူအား မျက်စပစ်ပြခဲ့ပြီ ဖြစ်၏။

အကယ်၍ သင်သည် သဘော ၁ချင်းတိုက်ဆိုင်ပါမူ ဤလမ်းကြောင်းအတိုင်း ကျင့်၍ ကျွန်ုပ်နေထိုင်ရာသို့လိုက်လာရန်သာရှိ၍ ကျွန်ုပ်သည် သင့်အားကြိုဆိုနေမည်မှာ မလွဲဖြစ်တော့သတည်း။

သဗ္ဗေသတ္တာ ကမ္မသကာ
မင်းသိခ်



http://cyberbooks.myanmarchat.org




ဒီမှာမိတ်ဆွေ...

သင့်ရဲ့ ကံကြမ္မာကို စမ်းသပ်တဲ့
အနေနဲ့ ဒီကတ်ပြားလေးတွေ
ဆောင်ထားပါလား...

ဒီကတ်ပြားလေးတွေဟာ
သင်လိုချင်တဲ့အရာ
သင်ဖြစ်ချင်တဲ့အရာ တွေကို
ရနိုင် မရနိုင်
ဖြစ်နိုင် မဖြစ်နိုင်
ဆုံးဖြတ်ပေးပါလိမ့်မယ်...

လာဘ်မိုးရွှေစာပေ
အမှတ် ၁၁၁၊ ၃၃ လမ်း ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့ ဖုန်း - ၂၉၃၁၉

http://cyberbooks.myanmarchat.org